ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (6-10-2015) (၈၃၄၅)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



# ပြည်သူ့အုပ်ချုပ်ရေးယန္တရားဖြစ်မှသာလျှင် ပြည်သူများ၏လူမှုစီးပွားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်

**နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၆-၁၀-၂၀၁၅)**

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း စက်တင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးမျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးဟာ မကြာခင်မှာပဲ အဆင့်တစ်ဆင့်ကို တက်လှမ်းတော့မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ စိုးရိမ်ပူပန်မှုတွေ ရှိနေတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့မှာ ကျွန်တော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနဲ့ နေပြည်တော်မှာတွေ့ဆုံပြီး အစိုးရအနေနဲ့ နိုင်ငံရေးအာမခံချက်တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မယ့်ကိစ္စများကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အလေးအနက်ပြောချင်တာကတော့ NCA ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှာ စာချုပ်စာတမ်းတစ်ခုထက်ပိုပါတယ်။ ပြည်ထောင်စုအစိုးရဘက်က ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များဟာ လပေါင်းများစွာအချိန်ယူပြီး စာတစ်ပိုဒ်ချင်း၊ တစ်လုံးချင်းကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# နှစ်နိုင်ငံ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**အမြင်ချင်းဖလှယ်**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ နှစ်နိုင်ငံ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နာဂျတာလည်း တက်ရောက်သည်။

**(သတင်းစဉ်)**



## ၂၀၁၅ ခုနှစ် ဆေးပညာနိုဘယ်ဆုကို ဂျပန်၊ အိုင်ယာလန်နှင့် တရုတ်နိုင်ငံသားတို့ ပူးတွဲရရှိ

စာမျက်နှာ - ၄

## အဲဗာတန်အား တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် နည်းပြ ဘရန်ဒန်ရော့ဂျာအား လီဗာပူးအသင်းထုတ်ပယ်

စာမျက်နှာ - ၁၃

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART. ဓမတ် ရှိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာဂလတ်(စ်) ခြင်ဇကာသား။
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 250 638 611
09 798 797 917
ခြင်ထောင်/တံခါး ဆိုဒ်မျိုးစုံတွင် တပ်ဆင်ပေးနိုင်သည်။
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန်
09 4211 51119
09 4500 54449
မန္တလေး
09 250 638 611
09 798 797 917

နဂါးနီ အရည်အသွေးမြင့်ဆေးဆိုးခြင်း တပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အခွေလွတ် (၁၂-ကလပ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါတနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး = တိုင်၊ တန်း၊ ပရွည်ရိုး၊ တပ်ဆင်ခနှင့် အသုံးအဆောင်အားလုံး ပါဝင်ပြီးဖြစ်သည်။
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
Ph : 01 541 018, 09 79 656 9001, 09 79 656 9002

**ကြေးမုံစာတည်းရှုထောင့်** ၆-၁၀-၂၀၁၅ [အင်္ဂါနေ့]

# အနာဂတ်အတွက် ဝိုင်းဝန်းတာဝန်ယူ

ယနေ့လူငယ်လူရွယ်များသည် နောင်ဝယ်လူကြီးများဖြစ်ကြလိမ့်မည်။ အရည်အချင်းရှိသော လူငယ်လူရွယ်များဖြစ်မှသာ မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်အတွက် အားထားရသော လူကြီးများဖြစ်လိမ့်မည်။ ထို့ကြောင့် လူငယ်လူရွယ်များသည် ထူးချွန်ထက်မြက်အောင် ငယ်စဉ်ကတည်းက ကြိုးစားရသည်။ အရည်အချင်းရှိအောင် ပြုစုပျိုးထောင်ရသည်။

မိသားစုတိုင်း၏ လူငယ်လူရွယ်တိုင်းသည် ထိုမိသားစုအတွက် အားထားဖွယ်ဖြစ်သည်။ လူငယ်တို့သည် ကျန်းမာရွှင်လန်း ဖျတ်လတ်တက်ကြွသော အရွယ်များဖြစ်၍ အားကိုးထိုက်သည်။ စိတ်ကူးဉာဏ်ကောင်းမွန်ပြီး အစစ အရာရာတွင် အားမာန်အပြည့်ဆောင်ရွက်နိုင်သည်။ လိမ္မာရေးခြားရှိသော လူငယ်လူရွယ်များအဖို့ မိဘများအတွက် အားကိုးဖွယ်ဖြစ်သည်။

ရှေးက မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာများ အကျိုးကျေးဇူးကြောင့် မိဘဆရာသမားများ၏ အဆုံးအမနှင့်အညီ သားသမီးအရွယ် လူငယ်လူရွယ်အများစုသည် ယဉ်ကျေးလိမ္မာကြသည်။ မိဘဆရာတို့၏ သွန်သင်ညွှန်ပြမှုကို လိုက်နာကြပြီး မိမိတို့ကိုယ်တိုင်လည်း မိမိကိုယ်မိမိ ထိန်းကျောင်းပြုပြင် တည့်မတ်အောင်ကြိုးပမ်းကြသည်။ စိတ်နှလုံးချမ်းမြေ့ဖွယ် မြန်မာတို့၏ မိသားစုအသိုက်အမြုံပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်ထားနိုင်သည်ဟု ဆိုရမည်။

ကာလရွေ့လျောလာသောအခါ အဖိုးတန်ဓလေ့စရိုက်ကောင်းများ လျော့ပါးလာသည်ဟု ဆိုနိုင်သည်။ ခေတ်ကာလနှင့်အညီ လူငယ်လူရွယ်များ၏ ဓလေ့စရိုက်များပါ လိုက်ပါပြောင်းလဲလာသည်ကို တွေ့ရသည်။ ခေတ်မီမီ ကမ္ဘာ အကြည့်ကြည့်မည်ဆိုလျှင် တိုးတက်မှုများနှင့်အတူ ဆုတ်ယုတ်မှုများကိုပါ မြင်တွေ့ရသည်။ အထူးသဖြင့် ကိုယ်ကျင့်တရားပျက်ယွင်းမှုသို့ရောက်နိုင်သည့် တွန်းအားများမှာ အားကောင်းလာသည်ဟု ဆိုနိုင်သည်။

သာမန်အားဖြင့် ယနေ့လူငယ်လူရွယ်များမှာ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ အင်တာနက်ဂိမ်းကစားခြင်းသို့ ဝင်ရောက်ကြသည်။ ယင်းကို အပြစ်မမြင်သာသော်လည်း အရက်သေစာနှင့် မူးယစ်ဆေးဝါးအန္တရာယ်မှာ အထူးသတိထားဖွယ်ရာဖြစ်သည်။ သတင်းစာမျက်နှာများတွင် အရက်ကြောင့် ဘေးဒုက္ခရောက်ကြရသော အဖြစ်အပျက်များကို နေ့စဉ်ကြားသိနေရသည်။ မူးယစ်ဆေးဝါးဆိုးကျိုးပြဿနာမှာ နိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံများတွင်လည်း ဖြစ်ပေါ်နေရာ ပြောဖွယ်ရာမရှိချေ။ ယင်းကို အမျိုးသားရေးစွမ်းအားဖြင့် ဝိုင်းဝန်းတိုက်ဖျက် နှိမ်နင်းနေရသည်။

မူးယစ်စေတတ်သောအရေးကိစ္စတွင် လူမှုဘဝနှင့်အနီးစပ်ဆုံးမှာ သေရည်သေရက်ဖြစ်သည်။ ကျေးလက် မြို့ပြမြင်ကွင်းများစွာတွင် ထန်းရည်၊ တောအရက်၊ ချက်အရက်၊ ခနိရည်မှ ပြည်တွင်းအရက်၊ နိုင်ငံခြားအရက်၊ ဘီယာမျိုးစုံတို့က အသွင်မျိုးစုံဖြင့် နေရာယူလာသည်။ တစ်ချိန်သောကာလက သတ်မှတ်ချက်အတိုင်း ရောင်းဝယ်ဖောက်ကားခြင်း၊ သောက်သုံးခြင်းမှ ယနေ့လူမြင်ကွင်းတွင် ပြောင်ပြောင်တင်းတင်း စုဖွဲ့သောက်သုံးလာကြသည်။ အထူးသဖြင့် လူမြင်ကွင်းတွင် လူငယ်လူရွယ်များ သောက်သုံးတတ်လာခြင်းက အနာဂတ်အတွက် စိုးရိမ်ဖွယ်ဖြစ်သည်။

လူငယ်လူရွယ်များအတွက် တန်ဖိုးရှိလှသောအချိန်များကို အရက်နှင့် ဘီယာဆိုင်များတွင် အသုံးချလာသည်ကိုတွေ့ရသည်။ ငွေကုန်ကြေးကျများမှု၊ စာရိတ္တပျက်ယွင်းမှုနှင့် ကျန်းမာရေးအတွက် ထိခိုက်မှုတို့ကို အလေးမမူတော့ချေ။ မိမိတို့အကျိုးစီးပွားတစ်ခုတည်းနှင့် အရာရာအား အလိုလိုက်မှုတို့ကို ကြာရှည်စွာလျစ်လျူရှုထားမည်ဆိုလျှင် အနာဂတ်တွင် အဆိုးဘက်သို့သာ ဦးတည်နေမည်ဖြစ်သည်။

အရက်သေစာသည် လူငယ်အများစုအတွက် ပြုစုပျိုးထောင်ရမည့် စာရိတ္တမဏ္ဍိုင်ကို ထိခိုက်စေပြီး အနာဂတ်အတွက် ပန်းကောင်းအညွန့်များကို ကျိုးစေနိုင်သဖြင့် ဝိုင်းဝန်းတိုက်ဖျက်ဟန့်တားကြရမည်ဖြစ်သည်။ မွန်မြတ်လှသော မြန်မာတို့၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံဂုဏ်အင်္ဂါတို့ကို ထိခိုက်စေသည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များ အညွန့်တလူလူဖြင့် ဆက်လက်ရှင်သန်နိုင်ရေးအတွက် မူးယစ်စေတတ်သောအရာများအားလုံးကို ဝိုင်းဝန်းတိုက်ဖျက်ကြရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ဟု ခံယူပါသည်။ ။

## ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် စည်းကမ်းဖောက်ဖျက်နေခြင်းများကို အမျိုးသားဆေးဝါးဥပဒေအရ အရေးယူမည်

**မကွေး အောက်တိုဘာ ၅**

ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် စည်းကမ်းဖောက်ဖျက်နေခြင်းများကို ယခင်က အပြည့်အဝ တားဆီးကန့်သတ်နိုင်ခြင်းမရှိခဲ့သော်လည်း အောက်တိုဘာလဆန်းပိုင်းမှစ၍ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ်ဖြစ်ပါက ပစ္စည်းများကို သိမ်းဆည်းကာ ကော်မတီရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက ပြင်းထန်သည့်အပေါ် မူတည်၍ လိုင်စင်သိမ်းခြင်း၊ အမျိုးသားဆေးဝါးဥပဒေဖြင့် အရေးယူခြင်းများကို ဗဟိုကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးထိန်းချုပ်ဆေးဝါးဖြစ်ပါက သတိပေးခြင်းအဆင့် ပြုလုပ်မည်မဟုတ်ဘဲ အမျိုးသားဆေးဝါးဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း ဗဟိုဆေးဝါးဌာနခွဲတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က ခွင့်ပြုထားတဲ့ မှတ်ပုံတင်ရရှိပြီးမှသာ ဆေးဝါးတွေကို တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ လက်လီလက်ကားရောင်းချသူတွေသာရှိပါတယ်။ ဆေးဝါး လက်လီလက်ကားရောင်းချသူတွေ အနေနဲ့ ဆေးဝါးဥပဒေအရ ထိုးဆေးမှန်သမျှ ဆရာဝန်ဆေးစာပါမှ ရောင်းချခွင့်ရှိပါတယ်။ ဓာတ်ဆား၊ အားဆေး၊ သာမန် အကိုက်အခဲပျောက်ဆေး၊ သာမန် အဖျားပျောက်ဆေးတွေလောက်ပဲ ဆရာဝန် ဆေးစာမပါဘဲ ရောင်းခွင့်ရှိပါတယ်။ အထူးသဖြင့် စပ်ဆေးရောင်းခွင့် လုံးဝမရှိပါဘူး။ သာမန်ဆေးဝါး ရောင်းချခွင့်လိုင်စင်နဲ့ ဆေးဆိုင်တွေမှာ ထိန်းချုပ်ဆေးဝါးရော၊ အထူးထိန်းချုပ်ဆေးဝါးပါ ရောင်းချခွင့်မရှိပါဘူး။ မြန်မာနိုင်ငံ အမျိုးသားဆေးဝါးဥပဒေကို ၁၉၉၂ ခုနှစ် အောက်တိုဘာလမှာ စတင်ရေးဆွဲခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလမှာ ယင်းဥပဒေကို ပြစ်မှုနှင့် ပြစ်ဒဏ် ပြင်ဆင်ရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ဖို့ စစ်ဆေးအရေးယူမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်သွားတော့မှာပါ" ဟု ဆေးဝါးဌာနခွဲမှ ဆေးဘက်ကျွမ်းကျင်သူ ဒေါ်မေသန္တာဝင်းလဲ့က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးဆိုင်အများစုသည် သာမန်ဆေးဝါးရောင်းချခွင့် လိုင်စင်သာ ရရှိထားကြပြီး ထိန်းချုပ်ဆေးဝါးရောင်းချခွင့်လိုင်စင်အား မင်းဘူးဆေးရုံကြီးမှ ဆေးဆိုင်တစ်ဆိုင်၊ မကွေးတိုင်းဒေသကြီး ဆေးရုံကြီးမှ ဆိုင်တစ်ဆိုင်တို့ကိုသာ ချထားပေးမှုရှိကြောင်း၊ ပုဂ္ဂလိကဆေးရုံများဖြစ်သည့် မင်းဘူးမြို့မှ နဂါးနီဆေးရုံ၊ မကွေးမြို့မှ ကောင်းမွန်ဆေးရုံနှင့် ပသာဒဆေးရုံများမှာ လျှောက်ထားဆဲဖြစ်ကာ ခွင့်ပြုထားခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များအပေါ် မကွေးမြို့နိုင်လင်းဆေးဆိုင်မှ ဦးနိုင်လင်းက "အခုဒီလိုတင်းတင်းကျပ်ကျပ် စစ်ဆေးတော့မယ်ဆိုတော့ ရှေ့မှာအသားကျခဲ့တာတွေရှိတာကို ပြင်ကြရမှာပါ။ ပြင်လည်းပြင်သင့်ပါတယ်။ လုပ်နေကြတာတွေက အန္တရာယ်အလွန်များတယ်ဆိုတာကို သိရတော့ အခုလိုကြပ်မတ်တာ ကောင်းပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ဥပဒေကိုသိပြီဆိုတော့ လိုက်နာကြရမှာက ကျွန်တော်တို့တာဝန်ပါပဲ။ လုပ်ငန်းရှင်တွေအားလုံး ဒီလိုဥပဒေတွေရှိတယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိအောင် လုပ်ပေးမယ်ဆိုရင်တော့ ပိုကောင်းပါတယ်" ဟု သုံးသပ်ပြောကြားသည်။

တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မကြာမီကာလအတွင်း အစာဆေးဝါးရုံးခွဲများကို ခရိုင်၊ မြို့နယ်အဆင့် တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း၊ ဆေးဝါးသုံးစွဲမှု ဘေးကင်းလုံခြုံရေးအတွက် ပိုမိုထိရောက်သော လုပ်ငန်းများဆောင်ရွက်ရန် စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ဆေးဝါးကုန်သွယ်ရောင်းချမှုပပျောက်ရေး၊ ဆေးဝါးအတုများ၊ စံမမီဆေးဝါးများကို အများပြည်သူသုံးစွဲမှုမရှိရေးအတွက် ဈေးကွက်အတွင်း ရောင်းချဖြန့်ဖြူးလျက်ရှိသော ဆေးဝါးအရည်အသွေး ထိန်းချုပ်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အသက် (၁၂) နှစ်၊ (၁၃) နှစ်အရွယ် ကလေးငယ်များ ကျောက်ကပ်ရောဂါခံစားနေရသည်ကို စစ်ဆေးကြည့်သောအခါ စပ်ဆေးများသုံးစွဲခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဆေးဝါးဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစည်းမျဉ်းနှင့်မညီညွတ်ပါက မြန်မာနိုင်ငံ အမျိုးသားဆေးဝါးဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာမွန်မွန်မြင့်က အတည်ပြုပြောကြားသည်။

**ဇေယျာတု(မကွေး)**




## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၅**

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသမီးပါတီ (မွန်)နှင့် ရခိုင်မျိုးချစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၅**

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၈-၉-၂၀၁၅ ရက်နေ့မှ ၂-၁၀-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၁၃ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၇၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၇၈၂၀၀ - ၇၇၉၂၀၀ |
| **မန္တလေး ရွှေဈေး** | ၇၇၈၂၀၀ - ၇၇၉၂၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၄၄. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၃၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၁. ၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၆၉၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၂. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၈၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆. ၇၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၈. ၂၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမ္မသကြိန်၊ ခအေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# အစိုးရဝန်ထမ်းများအဖြစ်ကနေ ပြည်သူ့ဝန်ထမ်းများအဖြစ် ပြည်သူအပေါ်မှာ တာဝန်သိမှု၊ တာဝန်ယူမှုများနဲ့ စေတနာနဲ့ ဝန်ဆောင်မှုပေးဖို့ ရည်ရွယ်ပြီး စုပေါင်းရုံးများ ဖွင့်လှစ်တဲ့အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့

❖ ရှေ့ဖုံးမှ

အကျေအလည် ဆွေးနွေးသဘောတူခဲ့ကြတာဖြစ်တဲ့အတွက် ဒီစာချုပ်ဟာ ယုံကြည်မှု တည်ဆောက်ခြင်းဆိုတဲ့ တန်ဖိုးတစ်ခုဖြစ်ပါတယ်။

NCA ရဲ့ အဓိက ရည်မှန်းချက်သည်ပင်လျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ တံခါးတစ်ချပ် ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရေးအတွက် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ အဆင်သင့် မဖြစ်သေးတာ၊အချိန်ယူပြီး လိုအပ်နေတာတွေရှိတယ်ဆိုတဲ့ ပြောဆိုချက်များကိုလည်း ကြားသိရပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ မည်သူ့ကိုမျှ ချန်ထားခဲ့လိုခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ပြည်ထောင်စုနေ့မှာ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများဟာ ရွေးကောက်ပွဲမတိုင်မီ NCA ကို လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားကြဖို့ ကတိပြုချက်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA မှာ လက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးဖို့ အဆင်သင့်မဖြစ်သေးတဲ့ အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့ လမ်းကြောင်းဖွင့်၊ တံခါးဖွင့် ပြင်ဆင်ထားမှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

မကြာမီက ကြုံတွေ့ခဲ့ရတဲ့ ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ပြီးတဲ့အခါ ဒီဘေးဒဏ်အတွင်း ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးဆိုတဲ့ကိစ္စရပ်များဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် တစ်နေ့တည်း၊တစ်ရက်တည်းနဲ့ ပျက်စီးသွားတဲ့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း ပြန်လည်ထူထောင်ကုစားနိုင်ဖို့ဆိုရင် အချိန်ကာလတစ်ခုကနေ နှစ်ပေါင်းများစွာ ကြာမြင့်သွားတဲ့အထိ ရှိတတ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို နိုင်ငံတကာအကူအညီတွေ အပါအဝင် အမြန်ဆုံး ပိုမိုသာလွန်ကောင်းမွန်တဲ့ အခြေအနေဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

သို့သော်လည်း ဘေးအန္တရာယ်ကြောင့် မိသားစုများ၊ မိတ်ဆွေများနဲ့ မိမိချွေးနှဲစာနဲ့ ရှာဖွေစုဆောင်းထားတဲ့ မြတ်နိုးဖွယ်ရာများ ဆုံးရှုံးခဲ့ရလို့ နာကျင်ခံစားရတဲ့ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုများကတော့ ချက်ချင်း ပြန်လည်တည်ဆောက်လို့ မရနိုင်ပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့လများအတွင်းက ကြုံတွေ့ခဲ့ရတဲ့ ရေကြီးရေလျှံမှု ဘေးအန္တရာယ်တွေအတွက် ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတွေ မည်မျှပင် လုပ်ဆောင်နေစေကာမူ သမ္မတတာဝန်ကို ယူထားတဲ့ ကျွန်တော့်အနေနဲ့ ရေဘေးသင့်ပြည်သူများထံ ကိုယ်တိုင်တွေ့ဆုံအားပေးရမယ်လို့ ခံယူပြီး အချိန်ယူသွားရောက်တွေ့ဆုံလျက်ရှိပါတယ်။

စက်တင်ဘာ ၂၃ ရက်နေ့မှာလည်း ချင်းပြည်နယ်ဟားခါးမြို့နဲ့ တီးတိန်မြို့ကို သွားရောက်ပြီး ဒေသခံများနဲ့ တွေ့ဆုံအားပေးစကားပြောကြားခဲ့သလို လိုအပ်တဲ့ ကူညီထောက်ပံ့မှုများကိုလည်း ပေးအပ်ခဲ့ပါတယ်။ ကျွန်တော်သွားရောက်ခဲ့တဲ့ နေရာတိုင်းမှာ ရုပ်ပိုင်းဆိုင်ရာတွေ၊ လူမှုစီးပွားဘဝတွေနဲ့ ဒေသလိုအပ်ချက်တွေ ပြန်လည်ထူထောင်ရေး အစီအမံများနဲ့ပတ်သက်ပြီး ပြည်သူများကို ကျွန်တော်ကိုယ်တိုင် ရှင်းလင်းပြောကြားပြီး အားပေးစကားများ ပြောကြားခဲ့ပါတယ်။ စက်တင်ဘာ ၂၄ ရက်နေ့မှာလည်း ကမ္ဘာ့ဘဏ်နဲ့ပူးပေါင်းဆောင်ရွက်တဲ့ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလလိုအပ်ချက်များ ဆန်းစစ်ချက်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဘက်စုံမဟာဗျူဟာများကို ဆွေးနွေးခဲ့ကြပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ သုခုမသဘင်ပညာဟာ ထိုတိုင်းပြည်နဲ့ ထိုတိုင်းပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းရဲ့ သဘာဝအတွေးအခေါ်နဲ့ အမျိုးသားကြန်အင်လက္ခဏာတွေကို လှေ့လာနိုင်တဲ့ အကောင်းဆုံးအရာတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မိတ်ဖွဲ့ကြတဲ့အခါ တစ်နိုင်ငံက အခြားတစ်နိုင်ငံရဲ့ သုခုမ အနုပညာကို လေ့လာပြီး အကဲဖြတ်ကြတာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ သံတမန်လို့လည်း ဆိုနိုင်ပါတယ်။ ဒီကနေ့အောင်မြင်တိုးတက်တဲ့ နိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ ပုံရိပ်ကို မြှင့်တင်ဖို့နဲ့ သူတို့ရဲ့ယဉ်ကျေးမှုတန်ဖိုးတွေ ကမ္ဘာကို ဖြန့်ချိဖို့အတွက် ရုပ်ရှင်၊ ဂီတနဲ့ သဘင်ကို ကောင်းကောင်း အသုံးချနေကြတာက သက်သေပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်အတွင်းက ကျွန်တော်နဲ့ ရုပ်ရှင်၊ ဂီတနဲ့ သဘင်ပညာရှင်များတွေ့ဆုံတဲ့ပွဲမှာ နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ကိစ္စရပ်တွေပံ့ပိုးကူညီပေးဖို့ မေးမြန်းခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးရေးမှာ လိုအပ်တဲ့ စတူဒီယိုများအတွက် မြေနေရာများ ချထားပေးဖို့ စီစဉ်ဆောင်ရွက်မှုများရှိသလို မန္တလေးမြို့မှာကဲ့သို့ ယခုနှစ်စက်တင်ဘာ ၁၄ ရက်မှာ ရန်ကုန်မြို့မှာ မြန်မာ့အနုပညာဗဟိုဌာနအဆောက်အအုံ ဆောက်လုပ်ဖို့ ပန္နက်စိုက်ထူပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အနုပညာရှင်များရဲ့ စွမ်းပကားကို တိုင်းပြည်တည်ဆောက်ရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ တွေးခေါ်ဆင်ခြင်နိုင်မှု တိုးတက်မြင့်မားရေးဆိုတဲ့နေရာမှာ ထိရောက်စွာ အကျိုးပြုစေချင်တဲ့ ဆန္ဒရှိပါတယ်။ အနုပညာရှင်များကိုလည်း ပြည်သူအများနဲ့ သက်ဆိုင်တဲ့ ပြည်သူ့အနုပညာရှင်များအဖြစ် တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းအတွက်အလွန်အရေးကြီးတဲ့ မိမိတို့ရဲ့ အနုပညာရဲ့ အခန်းကဏ္ဍကို လေးစားတန်ဖိုးထားပြီး လက်တွေ့ကျသော ပြုမူဆောင်ရွက်မှုများနဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကို ဖန်တီးကြပါလို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

လာမယ့် နိုဝင်ဘာလမှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကာလဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့လည်း မိမိတို့ရဲ့ ဆန္ဒများ၊ လိုလားချက်များနဲ့ အနာဂတ်အတွက် စိတ်အားတက်ကြွမှုတွေ ဖြစ်ပေါ်နေမှာကိုလည်း ကျွန်တော့်အနေနဲ့ နားလည်သိရှိပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း မဲစာရင်း မှားယွင်းနေခြင်းများကို ပြုပြင်နိုင်ဖို့နဲ့ ပြည်သူများ မဲပေးခွင့် မဆုံးရှုံးရအောင် ကြိုးပမ်းဆောင်ရွက်နေတာကိုတွေ့ရှိရပါတယ်။ ပြည်သူများရဲ့ အရေးကြီးတဲ့ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးရအောင် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးရဲ့ ကြိုးပမ်းဆောင်ရွက်မှုကိုလည်း အလေးအနက် အသိအမှတ်ပြုအပ်ပါတယ်။ မဲဆွယ်စည်းရုံးရေးကာလများနဲ့ ရွေးကောက်ပွဲကျင်းပချိန်ကာလတွေမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ လေ့လာစောင့်ကြည့်မှုတွေ ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းမှုတွေ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထူးအရေးကြီးပါတယ်။

ပြည်သူများအနေဖြင့်လည်း မဲစာရင်းများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များကို အသိပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပြည်သူတို့ရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ ပိုမိုပြည့်စုံမှန်ကန်တဲ့ မဲစာရင်းများ ပေါ်ထွက်လာရေးကို ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မဲစာရင်းနဲ့ပတ်သက်ပြီး ပေါ်ပေါက်နေတဲ့ လိုအပ်ချက်များကို ဖြေရှင်းနိုင်ဖို့အတွက် မဲဆန္ဒရှင်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍကနေ ဆောင်ရွက်ပေးနိုင်မယ့် ကိစ္စရပ်များကို အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

၂၀၁၅ ရွေးကောက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်အရေးပါတဲ့ အလှည့်အပြောင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အစဉ်ရပ်တည်ပြောကြားခဲ့ပါတယ်။ မဲစာရင်းကိစ္စအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံ အားနည်းမှုစတဲ့ စိန်ခေါ်မှုများရှိနေသည့်တိုင်အောင် ဒီရွေးကောက်ပွဲများဟာ ပြည်သူ့ဆန္ဒကို အခိုင်အမာထင်ဟပ်မယ့် ရွေးကောက်ပွဲများ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒီလို ပြည်သူတွေရဲ့ဆန္ဒမှန်ကို ကိုယ်စားပြုနိုင်ဖို့အတွက် ဒီရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများနဲ့ ကိုယ်စားလှယ်လောင်းများမှာလည်း များစွာတာဝန်ရှိပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြတဲ့နည်းတူ လိုက်နာရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာကြဖို့နဲ့ အပြန်အလှန် လေးစားမှုရှိရှိ ယှဉ်ပြိုင်ကြဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲများမှ ထွက်ပေါ်လာမယ့်ရလဒ်များကိုလည်း ပြည်သူများရဲ့ ဆန္ဒမှန်အဖြစ် သဘောထားကြီးစွာ လက်ခံနိုင်ကြဖို့ အရေးကြီးကြောင်း တိုက်တွန်းလိုပါတယ်။

ပြည်သူများအနေနဲ့လည်း ဒီရွေးကောက်ပွဲများရဲ့ အရေးပါမှုကို သိရှိနားလည်ပြီး မိမိတို့မဲပေးရွေးချယ်မယ့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်း၊ အရည်အသွေး၊ အကျင့်စာရိတ္တ၊ စိတ်ရင်းစေတနာနဲ့ ရည်မှန်းချက်များကို လက်တွေ့ကျကျ စဉ်းစားချင့်ချိန်ပြီး ဆန္ဒမဲပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့တဲ့အနက် အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်နဲ့ အစိုးရများသာမက မြို့နယ်အဆင့်မှာလည်း မြို့မိ၊ မြို့ဖတွေ ပါဝင်တဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီများကို ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ ရွေးချယ်ဖွဲ့စည်းပြီး ပြည်သူပါဝင်သောအုပ်ချုပ်မှုစနစ်ဖြစ်အောင် စတင်ပုံဖော်နိုင်ခဲ့ပါတယ်။

အစိုးရဝန်ထမ်းများအဖြစ်ကနေ ပြည်သူ့ဝန်ထမ်းများအဖြစ် ပြည်သူအပေါ်မှာ တာဝန်သိမှု၊ တာဝန်ယူမှုများနဲ့ စေတနာနဲ့ ဝန်ဆောင်မှုပေးဖို့ ရည်ရွယ်ပြီး စုပေါင်းရုံးများ ဖွင့်လှစ်တဲ့အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အခုလို ပြည်သူ့ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဝန်ထမ်းလစာများ တိုးမြှင့်ခြင်းနဲ့ နေထိုင်လုပ်ကိုင်မှုများအဆင်ပြေဖို့ ဆောင်ရွက်တဲ့နည်းတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီများကိုလည်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

လာမယ့် ငါးနှစ်အတွင်းမှာ မြို့နယ်၊ မြို့ပြ အုပ်ချုပ်ရေးများကို အစိုးရအုပ်ချုပ်ရေးကနေ ပြည်သူများက ရွေးချယ်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတဲ့ Township Council, City Council များအဖြစ် ဖွဲ့စည်းပြီး ဌာနဆိုင်ရာများနဲ့ အုပ်ချုပ်မှုအစား ပြည်သူ့အုပ်ချုပ်မှုယန္တရားအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖြည့်စွက်ပြင်ဆင်သွားဖို့ ရည်ရွယ်ထားပါတယ်။ "ပြည်သူ့အုပ်ချုပ်ရေး ယန္တရား" ဖြစ်မှသာလျှင် ပြည်သူများရဲ့ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာလည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

## ရေဦးမြို့နယ် အခြေခံပညာကျောင်းများအတွက် စာသင်ခုံများထပ်မံရောက်ရှိ

**ရေဦး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရှိ အခြေခံကျောင်းများအတွက် စာသင်ခုံများ မြို့နယ်ပညာရေးဌာနသို့ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီခန့်က ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်အတွက် ထပ်မံရောက်ရှိလာသော စာသင်ခုံပေါင်း ၄၆၈ ခုံအနက် ခုံအမြင့် ၁၇၇ လုံး၊ ခုံ အနိမ့် ၂၉၁ လုံးဖြစ်သည်။ ရောက်ရှိလာသည့် စာသင်ခုံများကို မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၃၅ ကျောင်းသို့ ကျောင်းသားဦးရေပေါ် မူတည်ပြီး ခွဲဝေပေးသွားမည်ဖြစ်သည်။ ပထမအကြိမ် ဇွန်လပိုင်းက စာသင်ခုံ ၁၂၅ လုံးကိုလည်း ခွဲဝေပေးပြီးဖြစ်ရာ ယခုအကြိမ်ရောက်ရှိလာသည့် စာသင်ခုံများကိုလည်း အခြေခံပညာကျောင်းများသို့ အမြန်ရောက်ရှိအောင် ဆက်လက်ခွဲဝေပေးသွားမည်ဟု မြို့နယ်ပညာရေးမှူးရုံးက ပြောသည်။

ယခင်နှင့် ယခုရောက်ရှိလာသော စာသင်ခုံများအားလုံးကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀၅ ဦးအား ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် မေနှင့် ဇူလိုင်လအတွင်း မြန်မာ့တပ်မတော် (ရေ) က တွေ့ရှိကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၆၂၆ ဦးကို (၅)ကြိမ်ခွဲ၍ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့တွင် ကျန်ရှိနေသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှစိစစ်၍ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် လှေစီးသွားလာသူ စုစုပေါင်း ၁၀၅ ဦးကို ထပ်မံလွှဲပြောင်းနိုင်ရန် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အဆိုပါ စိစစ်ပြီး လှေစီးသွားလာသူများကို အောက်တိုဘာ ၁၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ညောင်တုန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေး

**ညောင်တုန်း အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ၂၀၁၅ ခုနှစ် ဆောင်းသီးနှံဘဏ်ချေးငွေ ထုတ်ချေးပွဲကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက စတင်ထုတ်ချေးလျက်ရှိရာ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၄၄ အုပ်စုရှိသည့်အနက် ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ တောင်သူ ၇၉၀၀ ၏ လယ်ဧက ၃၀၀၀ ကျော်အား နွေစပါး တစ်ဧက ကျပ်တစ်သိန်းနှင့် ဆောင်းသီးနှံ (ပဲအမျိုးမျိုး) တစ်ဧက ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးသွားမည်ဖြစ်သည်။ ယခုနှစ် ဆောင်းသီးနှံအတွက် ထုတ်ချေးငွေမှာ ကျပ်သိန်း ၃၀၇၈၃ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ၂၀၁၅ ခုနှစ် ဆေးပညာနိုဘယ်လ်ဆုကို ဂျပန်၊ အိုင်ယာလန်နှင့် တရုတ်နိုင်ငံသားတို့ ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၅**

ယနေ့အောက်တိုဘာ ၅ ရက်တွင် ဆေးပညာရပ်ဆိုင်ရာနိုဘယ်လ်ဆုရှင်များကို ထုတ်ပြန်ကြေညာရာတွင် ဂျပန်နိုင်ငံ ကီတာဆာတိုတက္ကသိုလ်မှ ပါမောက္ခ အီမာရိတက်စ် ဆာတိုရှိ အိုမူရာ၊ အိုင်ယာလန်နိုင်ငံမှ ဝီလီယံကန်းဘဲလ်နှင့် တရုတ်နိုင်ငံမှ တူယိုယိုတို့အား ၂၀၁၅ ခုနှစ်အတွက် ဆေးပညာရပ်ဆိုင်ရာနိုဘယ်လ်ဆုကို ပူးတွဲချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

အိုမူရာနှင့်ကန်းဘဲလ်တို့သည် သံကောင်လုံးကပ်ပါးကောင်များကြောင့်ဖြစ်စေတတ်သည့် ကူးစက်ရောဂါကုထုံးများ ဖန်တီးနိုင်မှုတို့ကြောင့် ၎င်းတို့အားဆုချီးမြှင့်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ဆေးပညာနယ်ပယ်တွင် ပထမဦးဆုံးသော နိုဘယ်လ်ဆုရှင်ဖြစ်လာသည့် တူယိုယိုသည် ငှက်ဖျားရောဂါကို တိုက်ဖျက်စေသောရောဂါကုထုံးအသစ်တွေ့ရှိမှုကြောင့် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

အသက်(၈၀)အရွယ်ရှိ အိုမူရာသည် ဂျပန်နိုင်ငံ၏ ဆေးပညာနယ်ပယ်တွင် သုံးယောက်မြောက် နိုဘယ်လ်ဆုရှင်ဖြစ်လာခဲ့ပြီး ဂျပန်နိုင်ငံနိုဘယ်လ်ဆုရရှိခဲ့သူ စုစုပေါင်းအရေအတွက်မှာ ၂၃ ဦးခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက် နိုဘယ်လ်ဆုရရှိသူများကို အောက်တိုဘာ ၅ ရက်မှစပြီး ဆွီဒင်နိုင်ငံနိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက စတင်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဆေးပညာအတွက် နိုဘယ်လ်ဆုရှင်များကို အောက်တိုဘာ ၅ ရက်၊ ရူပဗေဒဆိုင်ရာနိုဘယ်လ်ဆုရှင်များကို အောက်တိုဘာ ၆ ရက်၊ ဓာတုဗေဒဆိုင်ရာနိုဘယ်လ်ဆုရှင်များကို အောက်တိုဘာ ၇ ရက်၊ ငြိမ်းချမ်းရေးဆိုင်ရာနိုဘယ်လ်ဆုရှင်များကို အောက်တိုဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။




စီးပွားရေးဆိုင်ရာနိုဘယ်လ်ဆုရှင်များကို အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ စာပေဆိုင်ရာနိုဘယ်လ်ဆုရှင်များကို ထုတ်ပြန်ကြေညာမည့်ရက်အတိအကျသတ်မှတ်ထားခြင်းမရှိသော်လည်း အောက်တိုဘာ ၇ ရက်တွင် ကြေညာမည်ဟု မျှော်လင့်ရသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ နိုဘယ်လ်ပြတိုက်တွင် ကျင်းပသည့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုမှအပ အခြားသောဆုရှင်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက နိုဘယ်လ်ဆုရှင်များ၏ သတင်းအချက်အလက်များကို ဖွင့်ဟပြောကြားခြင်းမရှိသော်လည်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်များကို ကော်မတီကအသိအမှတ်ပြုထားသည့် လူ ၂၇၀ ပါဝင်သည့် စာရင်းထဲမှရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံ အော်စလိုမြို့ ငြိမ်းချမ်းရေးသုတေသနအင်စတီကျူက ဂျာမန်ဝန်ကြီးချုပ် အိန်ဂျီလာ မာကယ်လ်ကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ကနဦးရွေးချယ်ထားသည့် စာရင်း၏ ထိပ်ဆုံးတွင်ထားရှိသည်။ ဝန်ကြီးချုပ်မာကယ်လ်က ဥရောပသို့ စစ်ဘေးရှောင်ပြည်သူများ ဝင်ရောက်လာမှုအပေါ် အားတက်သရော ဆောင်ရွက်ခဲ့သည့်အတွက် လျာထားခြင်းဖြစ်သည်။ ကနဦးရွေးချယ်ထားသည့် စာရင်း၏နံပါတ်လေးနေရာတွင် ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စစ်ဆန့်ကျင်ရေးပြဋ္ဌာန်းထားသော ပုဒ်မခွဲ(၉)ကို ကာကွယ်သည့် ဂျပန်ငြိမ်းချမ်းရေးအဖွဲ့အစည်းကို လျာထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ထောက်လှမ်းရေးယူနစ် ဂျပန်ထူထောင်မည်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ထောက်လှမ်းရေးသတင်းအချက်အလက် စုဆောင်းရေးယူနစ်သည် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများ၌ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများအားစောင့်ကြည့်ရန်အဖွဲ့လေးဖွဲ့ ထူထောင်ဆောင်ရွက်သွားရန် အစိုးရက စီစဉ်ထားပြီး ယင်းအစုအဖွဲ့များသည် လာမည့်နှစ် ဧပြီလတွင် လုပ်ငန်းများစတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ကျိုဒိုသတင်းတွင် ဖော်ပြသည်။

အဆိုပါ ထောက်လှမ်းရေးအစုအဖွဲ့များ၌ ဒေသရေးရာကျွမ်းကျင်သူများနှင့် ဒေသန္တရသုံး ဘာသာစကားတတ်မြောက်သူများ၊ သတင်းများကို စုဆောင်းကာ ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်သူများပါဝင်မည်ဖြစ်ကြောင်း၊ မြောက်အာဖရိက၊ အရှေ့အလယ်ပိုင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသများ၌ ဂျပန်သံရုံးတို့က စုဆောင်းရရှိသော သတင်းအချက်အလက်များကို ဆန်းစစ်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ယခုနှစ် အစောပိုင်းက ဂျပန်နိုင်ငံသား နှစ်ဦးကို အစ္စလာမ္မစ်နိုင်ငံအဖွဲ့(အိုင်အက်စ်)မှ စစ်သွေးကြွတို့က သတ်ဖြတ်မှု ပြုလုပ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် သတင်းအချက်အလက်ဆိုင်ရာ ထောက်လှမ်းရေးယူနစ်ကို ထူထောင်ရန် စီစဉ်ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းသူများ အိုလံပစ်ပြိုင်ပွဲများတွင် အများပြည်သူများ လုံခြုံရေးအတွက် သတင်းထောက်လှမ်းမှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်သည်။

**ကျိုဒို။**



## အိန္ဒိယနှင့် ဂျာမနီဝန်ကြီးချုပ်တို့ နယူးဒေလီ၌ တွေ့ဆုံဆွေးနွေး

**နယူးဒေလီ အောက်တိုဘာ ၅**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိနေပြီး ဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် အောက်တိုဘာ ၅ ရက်တွင် တွေ့ဆုံဆွေးနွေးကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

နယူးဒေလီမြို့ရှိ ဟိုက်ဒြာဘတ် အိမ်တော်၌ ဝန်ကြီးချုပ် မာကဲလ်နှင့် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

အိန္ဒိယနှင့် ဥရောပသမဂ္ဂ(အီးယူ)အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးမှုများကို စောနိုင်သမျှ အစောဆုံး ပြန်လည်ပြုလုပ်သွားရန် အိန္ဒိယနှင့် ဂျာမနီနိုင်ငံတို့က လိုလားကြောင်း အဆိုပါ ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ဝန်ကြီးချုပ် မာကဲလ်သည် သုံးရက်ကြာ ခရီးစဉ်အဖြစ် နယူးဒေလီမြို့သို့ အောက်တိုဘာ ၄ ရက်တွင် ရောက်ရှိလာခဲ့သည်။ ဝန်ကြီးချုပ် မာကဲလ်နှင့်အတူ ဝန်ကြီးများနှင့် အထက်တန်းတာဝန်ရှိသူများလည်း လိုက်ပါလာခဲ့သည်။

ဝန်ကြီးချုပ် မိုဒီနှင့် ဝန်ကြီးချုပ် မာကဲလ်တို့သည် ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အဆင့်မြင့်နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သိပ္ပံနှင့် နည်းပညာ၊ ရထားလုပ်ငန်း၊ ရေနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ အဓိကဆွေးနွေးကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

## တိုင်ဖုန်းမူဂျီဂေး တရုတ်နိုင်ငံတောင်ပိုင်းသို့ ဆက်လက်တိုက်ခတ်၊ ခုနစ်ဦးသေ

**ကွမ်ကျိုး အောက်တိုဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ်တွင် တနင်္ဂနွေနေ့ကတည်းက တိုင်ဖုန်းမုန်တိုင်း မူဂျီဂေး ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ခုနစ်ဦးသေဆုံးပြီး ၂၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် လေဆင်နှာမောင်းတိုက်မှုများကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပွားရခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ခတ်မှုခံခဲ့ရသည့် ကျန်ကျန်းမြို့တွင် မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတို့ဖြစ်ပေါ်ပြီး နေရာဒေသအတော်များများတွင် ရေများဖုံးလွှမ်းသွားခဲ့သည်။

ကွမ်ကျိုးမြို့ ဖန်ယူခရိုင်တွင် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက လေဆင်နှာမောင်းတိုက်မှုကြောင့် နေအိမ်များပျက်စီးပြီး လူသုံးဦးသေဆုံးခဲ့ရသည်ဟု ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။ အခြားလူ ၁၃၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မုန်တိုင်းသည် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ဖိုရှန်မြို့ရှိ ခရိုင်သုံးခုကိုလည်း ဝင်ရောက်တိုက်ခတ်သွားသည့်အတွက် လူသုံးဦးသေဆုံးပြီး ၈၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ကွမ်တုံးပြည်နယ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်ဖုန်းမုန်တိုင်း မူဂျီဂေးတိုက်ခတ်မှုကြောင့် တနင်္လာနေ့မွန်းလွဲ ၁ နာရီမတိုင်မီအချိန်ထိ လူပေါင်း ၁ ဒသမ ၄၄ သန်းကျော် ခံစားခဲ့ရသည်ဟု ကွမ်ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်ထဲရေးဌာနက ပြောကြားသည်။ ဒေသဆိုင်ရာမြို့တော် နန်နင်းမြို့တွင် သစ်ပင်လဲကျမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ရသည်။ တနင်္ဂနွေနေ့ကတည်းက တိုက်ခတ်ခဲ့သည့် မူဂျီဂေးတိုင်ဖုန်းမုန်တိုင်းကြောင့် ကွမ်ရှီးကျန်းဒေသတွင် လူ ၆၆၃၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ နေအိမ် ၇၄၈ လုံးပျက်စီးပြီး စီးပွားရေးအရ ယွမ် ၁၇၅ သန်း (ဒေါ်လာ ၂၇ ဒသမ ၅၇ သန်း) ဆုံးရှုံးနစ်နာခဲ့ရသည်။

အဆိုပါမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင်လည်း လူသုံးဦးသေဆုံးခဲ့ရပြီး ငါးဖမ်းသမား ၄၃ ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ဖိလစ်ပိုင်နိုင်ငံက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။ **ဆင်ဟွာ။**



## ပြည်တွင်းရေးရာ

**✻ နိုင်ငံတစ်နိုင်ငံမှ**

နိုင်ငံတော်အတွက် မျိုးဆက်သစ် လူငယ် လူရွယ်များကို ပြုစုပျိုးထောင်ရသည့် ဆရာ ဆရာမများ၏ ကြိုးပမ်းမှု၊ ဆရာ ဆရာမများ မရှိမဖြစ် အရေးပါမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ကို နိုင်ငံအသီးသီးက ကျင်းပကြခြင်းဖြစ်ပါကြောင်း၊ မြန်မာ့လူဘောင် အဖွဲ့အစည်းတွင် မူလအစကတည်းက ဆရာဂုဏ်၊ ဆရာကျင့်ဝတ်၊ ဆရာ့စိတ်ဓာတ်စသည့် အရည်အသွေးကောင်းများနှင့် ပြည့်စုံသည့် ဆရာ ဆရာမများကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် ကြည်ညိုလေးစားတန်ဖိုးထားခဲ့ကြပါကြောင်း၊ ဆရာ ဆရာမများကို ကျောင်းသူကျောင်းသားများ၏ စံနမူနာပြုထိုက်သူများအဖြစ် ဂုဏ်ပြုသည့် အစဉ်အလာများလည်းရှိပြီးဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆရာမများ အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေး၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားလာစေရေးနှင့် သက်သာချောင်ချိရေးများကိုလည်း အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်တိုးတက်လာသည့် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၏ အင်အားအချိုး ညီမျှစေရန် ဆရာ ဆရာမများကို လုံလောက်စွာ ဖြည့်ဆည်းခန့်ထားရမည် ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်သည့် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုမထားဘဲ တက္ကသိုလ်တစ်ခုချင်းစီအလိုက် သီးခြားရေးဆွဲသည့် ပဋိညာဉ်ပါပြဋ္ဌာန်းချက်များအတိုင်း တက္ကသိုလ်ကောင်စီကို ဒီမိုကရေစီနည်းလမ်းတကျ အဖွဲ့ဝင်များရွေးချယ်၍ စီမံခန့်ခွဲသွားကြရသည် အရေးကြီးပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရန် အရည်အသွေးရှိသည့် ပညာရေးစနစ်နှင့် စွမ်းရည်ပြည့်ဝ ထက်မြက်သည့် ဆရာ ဆရာမများ လိုအပ်ပါကြောင်း၊ ၂၀၁၅ ကမ္ဘာ့ပညာရေးဖိုရမ်က ခရစ်နှစ် ၂၀၃၀ ပညာရေးလုပ်ငန်းစဉ်မူဘောင်(၇)ရပ် ချမှတ်ခဲ့ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များတွင် ဆရာမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "လူ့အဖွဲ့အစည်း စဉ်ဆက်မပြတ်တိုးတက်ရေး ဆရာစွမ်းရည်မြှင့်တင်ပေး" ဟူသည့် ဆောင်ပုဒ်၏ အနှစ်သာရသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်ရန် ဆရာ ဆရာမများ၏ အရည်အသွေးနှင့် လုပ်ပိုင်ခွင့်များ မြှင့်တင်ပေးရန် လိုအပ်နေသည်ကို ဖော်ပြနေပါကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများကို စံနမူနာထား၍ ဆရာဖြစ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မြတ်သည့် သမ္မာအာဇီဝလုပ်ငန်းအဖြစ်ခံယူကာ မြန်မာ့လူ့အဖွဲ့အစည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထူးချွန်သူများဖြစ်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ သင်ကြားမှုနှင့်သင်ယူမှုကို လေးစားတန်ဖိုးထားတတ်သူများဖြစ်ရုံသာမက ဘဝတစ်သက်တာသင်ယူသူ၊ မိမိကိုယ်ကို အစဉ်လေ့ကျင့်ပျိုးထောင်သူများဖြစ်ရန် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်လွင်လွင်စိုးက ကုလသမဂ္ဂအဖွဲ့အစည်းများ ဖြစ်ကြသည့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်တို့မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး၊ ဂုဏ်ထူးဆောင် ဆရာကြီး ဒေါက်တာသန်းဦးက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးကိုးဦးနှင့် ထူးချွန်ဆရာ ဆရာမခုနစ်ဦး၏ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြပြီး ပညာရှင်ဆရာမကြီး ဒေါက်တာဒေါ်ရီရီမြင့်က ဝမ်းမြောက်ပီတိစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထူးချွန်ဆရာ ဆရာမများနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အခြေခံပညာ ကျောင်းသား ကျောင်းသူများက ရည်မှန်းချက်ပန်းတိုင် တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာမကြီးတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။** (သတင်းစဉ်)

# ဂုဏ်ထူးဆောင် ဆရာကြီး၊ ဆရာမကြီးများ



**ဦးသာဦး၊ ပါမောက္ခချုပ်(ငြိမ်း) ပင်လုံတက္ကသိုလ်။**



**ဒေါက်တာရီရီမြင့်၊ ပါမောက္ခ(ငြိမ်း) ရန်ကုန်စီးပွားရေးတက္ကသိုလ်။**



**ဒေါ်အုန်းကြည်၊ ပါမောက္ခ(ငြိမ်း) ရန်ကုန်တက္ကသိုလ်။**



**ဦးခင်မောင်ရင်၊ ဒုညွှန်ချုပ်(ငြိမ်း) အမှတ်(၂)အခြေခံပညာဦးစီးဌာန။**



**ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူး(ငြိမ်း) ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန။**



**ဒေါ်ခင်ဆွေတင့်၊ ကျောင်းအုပ်ကြီး(ငြိမ်း) သင်္ဃန်းကျွန်းပညာရေးကောလိပ်။**



**ဦးဘွေဟူး၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဟားခါး။**



**ဦးဝမ်ထိန်၊ အထက်တန်းကျောင်းအုပ်(ငြိမ်း)၊ အထက(၉) မော်လမြိုင်။**



**ဒေါ်ခင်စီ၊ ကျောင်းအုပ်ကြီး(ငြိမ်း) အထက(၅)ကမာရွတ်။**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး ရင်းနှီးစွာ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း ၊ ဦးဟံစိန် ၊ ဦးသန့်ရှင်း ၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာပီစနု စူဗန်နာဂျတာလည်း တက်ရောက်သည်။

**(သတင်းစဉ်)**





# ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့် ထိုင်းပြည်သူများက သွေးဝန်ဆောင်မှုလုပ်ရှားယာဉ် ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီး ဦးဆောင်မှုဖြင့် ထိုင်းပြည်သူများက လှူဒါန်းသည့် သွေးဝန်ဆောင်မှုလုပ်ရှားယာဉ် ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် Park Royal Hotel ပိတောက်ဆောင် မျက်နှာစာ ယာယီမဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ထိုင်းမြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးက သွေးဝန်ဆောင်မှု လုပ်ရှားယာဉ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးက သွေးဝန်ဆောင်မှုလုပ်ရှားယာဉ်သော့ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးနောက် သွေးဝန်ဆောင်မှုလုပ်ရှားယာဉ်ပေါ်သို့ တက်ရောက်၍ ကြည့်ရှုလေ့လာကြသည်။

ယခုကဲ့သို့ သွေးဝန်ဆောင်မှုလုပ်ရှားယာဉ် လှူဒါန်းရခြင်းမှာ ထိုင်း-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်စေရန်၊ မြန်မာနိုင်ငံ၌ သွေးလှူဘဏ်လုပ်ငန်းများ တိုးတက်လာစေရန်နှင့် သွေးလှူရှင်များ ပိုမိုများပြားလာစေရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ သွေးဝန်ဆောင်မှု လုပ်ရှားယာဉ်သည် အရှည်ပေ ၄၀၊ အနံ ရှစ်ပေရှိ ဟီးနိုးအမျိုးအစားယာဉ်ဖြစ်ပြီး လူခြောက်ဦး တစ်ပြိုင်တည်းသွေးလှူဒါန်းနိုင်သောယာဉ်ဖြစ်ကာ အဆင့်မြင့်နည်းပညာများ တပ်ဆင်ထားသည့် သွေးဝန်ဆောင်မှုယာဉ်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီး ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံ ထိုင်း-မြန်မာချစ်ကြည်ရေးကျောင်းသို့သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့ သပြေလှရပ်ကွက်ရှိ အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြသည်။**(ယာပုံ)**

မဟာချက်ကရီသီရိဒ္ဒုံမင်းသမီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် ၂၀၁၃ ခုနှစ်တွင် ကျရောက်သည့် ထိုင်း-မြန်မာသံတမန် ရင်းနှီးချစ်ကြည်ဆက်ဆံရေး (၆၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံရှိ ထိုင်းလူမျိုးအဖွဲ့အစည်းများပူးပေါင်း၍ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူလေးများအား စာအုပ်စာတမ်းနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်းသားကျောင်းသူလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ထားသည့်အခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားနေမှုကို ကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများ သောက်သုံးနိုင်ရန် သောက်သုံးရေသန့်စက် တပ်ဆင်ထားမှုကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးကလေးကစားကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကလေးကစားကွင်းအတွင်း ကျောင်းသား ကျောင်းသူလေးများ ကစားနေမှုကို ကြည့်ရှုသည်။

ယင်းနောက် ကျောင်းဝင်းအတွင်း၌ သပြေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းကို ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့် အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက မော်ကွန်းတိုက်နောက်ခံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြပြီး မော်ကွန်းပြခန်း၊ မှတ်တမ်း၊ မော်ကွန်းထိန်းသိမ်းခန်းများနှင့် သုတေသီအထောက်အကူပြုခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်၊ ကျောက်ခေတ်လယ်ပြခန်း၊ အနုသုခုမပြခန်းများသို့ လှည့်လည်ကြည့်ရှုလေ့လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

○ **ကျောဖုံးမှ**

ဗီးနပ်ဝီလျံနှင့် မူဂူရူဇာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ဝူဟန်အိုးပင်းတင်းနစ်ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် စပိန်တင်းနစ်မယ် မူဂူရူဇာသည် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ရာမှ အနားယူသွားခဲ့ခြင်းကြောင့် ၆-၃၊ ၃-၀ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂရင်းစလင်းချန်ပီယံ ခုနစ်ကြိမ်အထိ ရရှိထားခဲ့သည့် အမေရိကန်တင်းနစ်မယ် ဗီးနပ်ဝီလျံသည် ၎င်း၏ တင်းနစ်လောကတစ်လျှောက် ရရှိခဲ့သည့် အတွေ့အကြုံများကို အသုံးချကာ တင်းနစ်မယ် မူဂူရူဇာအား အကောင်းဆုံးယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဗီးနပ်ဝီလျံသည် ယခု ဝူဟန်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် ဇန်နဝါရီလအတွင်း အောက်ကလန်၌ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲပြီးနောက် ပထမဆုံး ဒဗလျူတီအေတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး တင်းနစ်မယ်ဘဝတစ်လျှောက်တွင် ၄၇ ကြိမ်မြောက် ဒဗလျူတီအေတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ယခုကဲ့သို့ အောင်မြင်မှုများရရှိခဲ့ခြင်းကြောင့် အောက်တိုဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့်တင်းနစ်မယ်အဆင့် သတ်မှတ်ချက်အရ အမေရိကန်တင်းနစ်မယ် ဗီးနပ်ဝီလျံသည် ယခင်အဆင့်(၂၄) နေရာတွင် ရပ်တည်နေရာမှ ယခု အဆင့်(၁၄)သို့ တက်လှမ်းလာခဲ့ကြောင်းလည်း သိရသည်။

**(ငွေကြယ်)**

■

# ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေး တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၅**

လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအားဖြင့် အတန်းပညာရေးမြင့်မားရန် မဖြစ်မနေလိုအပ်ကြောင်း၊ ပညာတတ်များ ပေါကြွယ်ဝရန်လိုအပ်ကြောင်း၊ ထို့အတူ စည်းနှင့်ကမ်းနှင့် နေထိုင်လုပ်ကိုင်တတ်သည့် အလေ့အကျင့်များ ပိုမိုလိုအပ်ကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟုလည်းဆိုကြကြောင်း၊ မိမိတို့အနေဖြင့် ပညာသင်ကြားရေးနှင့် ပတ်သက်၍ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများပေးအပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနား၌ ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မွန်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် NCA လက်မှတ်ရေးထိုးရန် သဘောတူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ယင်းလုပ်ငန်းရပ်များ အောင်မြင်ပြီး ခိုင်ခိုင်မာမာဖြစ်စေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခုတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးဆိုသည့် မောင်းနှင်အားသုံးခုရှိကြောင်း၊ ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုများအား မှန်ကန်သည့်လမ်းကြောင်းမှ ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ခေတ်မီသည့် အတတ်ပညာ၊ နည်းပညာနှင့် ကုန်ထုတ်စွမ်းအားများ မြှင့်တင်နိုင်ရန် ပညာတတ်များပေါကြွယ်ဝရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးကဏ္ဍကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရန်၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာရေးမှာလည်းအရေးကြီးကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ လိုအပ်ချက်ရှိသော ပြည်နယ်များအတွက်လည်း အမြဲအဆင်သင့်ရှိကြောင်း။

နိုင်ငံရေးမောင်းနှင်အားနှင့်ပတ်သက်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ချက်ဖြစ်သကဲ့သို့ တစ်ဖက်မှ နိုင်ငံရေးလုပ်ဆောင်သူများသည် စည်းကမ်းနှင့်အညီ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် လူတိုင်းသည်ဥပဒေနှင့်အညီ လွတ်လပ်စွာ ပြောဆိုလုပ်ကိုင်ခွင့်ရှိကြောင်း၊ ဥပဒေကျော်လွန်လုပ်ကိုင်ပါက ထိခိုက်နိုင်ပြီး ဥပဒေနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားကြောင်း၊ ကာကွယ်ရေးမောင်းနှင်အားနှင့်ပတ်သက်၍ တပ်မတော်မှ နိုင်ငံတော်ကာကွယ်ရေးနှင့်တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကို အကြောင်းပြ၍ အင်အားတိုးချဲ့နေသည်ဟု ပြောဆိုမှုများရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ရန်သာ လုပ်ဆောင်နေကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သင့်တင့်သည့် ကာကွယ်ရေးစွမ်းပကားရှိရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံများ အထင်အမြင်သေးစွာပြုမူပြောဆိုခြင်း မခံရစေရေး တည်ဆောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မွန်ပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ကွန်ပျူတာ ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဗလာစာအုပ်ဒါဇင် ၃၀၀၀၊ ဒေသဖွံ့ဖြိုးရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် အလှူရှင်ကုမ္ပဏီလီမိတက်မိသားစုများက စုစုပေါင်း လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၄၀၀၊ ကွန်ပျူတာအစုံ ၁၄၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ **(မြဝတီ)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၅**

မိမိတို့၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရရှိရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားစေရန်လေ့ကျင့်ရေးဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမိမိနယ်မြေဒေသအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် တပ်မတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ရင်း တပ်မတော်၏ဂုဏ်ကို ဖော်ဆောင်ရန် တိုက်တွန်းကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မော်လမြိုင်တပ်နယ်ရှိ အောင်ဆန်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည်။**(ယာပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မျိုးဝင်း၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိကာလတွင် တပ်မတော်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယနေ့ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကိုသာ ထမ်းဆောင်နေကြောင်း၊ မူလရှိပြီးသား စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုအပေါ်အခြေခံပြီး ပေးအပ်ထားသည့်တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်လျက်ရှိခြင်းကြောင့် ပြည်သူက အသိအမှတ်ပြုခြင်းခံရကြောင်း၊ အလားတူ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းရပ်များတွင် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တပ်မတော်၏ မူဝါဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာရေးကျောင်းနှင့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စာကြည့်တိုက်သုံးစာအုပ်စာစောင်၊ မဂ္ဂဇင်းများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူသည်။

ဇင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။ **(မြဝတီ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ အောက်တိုဘာ ၅ ရက်တွင် အလှူငွေလက်ခံရရှိမှုမရှိသော်လည်း AB Bank Ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၊ Consulate General of the Republic Nanning က အမေရိကန်ဒေါ်လာ ၁၆၉၇၃ ဒသမ ၆၁ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၇၉၇၃ ဒသမ ၆၁ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အနော်မာသုခမနှင့် အနုပညာရှင်များအဖွဲ့က ၆၄၀ စတုရန်းပေ အိမ်တစ်လုံးစာအတွက် ငွေကျပ် ၄၄၄၀၀၀၀၊ ၅၄၀ စတုရန်းပေ အိမ်တစ်လုံးစာအတွက် ငွေကျပ် ၃၇၄၀၀၀၀ နှင့် အခြားသောထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၂၉၂၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၈၀၁၀၉၁၇၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၂၀၈၆၉၄ ဒသမ ၄၁၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဆရာများနေ့အခမ်းအနား ညောင်တုန်းမြို့၌ ကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အငြိမ်းစားမြောက် အသက်(၇၀)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲအခမ်းအနားကို အမှတ်(၁)အထက လှိုင်ပညာခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကမ္ဘာ့ဆရာများနေ့ အကြောင်းကိုရှင်းလင်းပြောကြားပြီး အပူဇော်ခံကြွရောက်လာကြသော ဆရာကြီး ဆရာမကြီးများအား ငွေသားများဖြင့် ပူဇော်ကန်တော့ရာ အသက်(၇၀)နှစ်မှ (၇၅)နှစ် ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင်ငွေကျပ် ၂၅၀၀၀၊ အသက်(၇၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင်ငွေကျပ် ၃၅၀၀၀ ဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (ဝ၇၆)

ပြည်တွင်းရေးရာ

# ဒီမိုကရေစီအစိုးရလက်ထက်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် အကျိုးတူအိမ်ရာ စုစုပေါင်း ၃၆၀၅၉ ခန်းကို ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၅**

လက်ရှိ ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူစဉ် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ လေးနှစ်တာ ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာများ၊ လှည့်ပတ်ရန်ပုံငွေဖြင့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများကို နိုင်ငံတော်၏မူဝါဒတစ်ရပ်အနေဖြင့် အဓိကထား တည်ဆောက်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့်လည်း အကျိုးတူအိမ်ရာများကို ဖော်ဆောင်ခဲ့ရာ စုစုပေါင်း အိမ်ခန်းပေါင်း ၃၆၀၅၉ ခန်းကို ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ခဲ့ကြောင်း ယနေ့ကျင်းပသည့် မြို့ပြနှင့် အိမ်ရာလိုအပ်ချက်များအား ခေတ်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးမှု ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးကျော်လွင်တို့ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ နေရေးနှင့် ဝတ်ရေးတို့တွင် နေထိုင်ရေးသည် အဓိကအရေးကြီးသည့် လိုအပ်ချက်ဖြစ်လာကြောင်း၊ ထို့ကြောင့် အိမ်ရာစီမံကိန်းများနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသခံပြည်သူများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး Master Plan ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ရေးဆွဲဆောင်ရွက်ရာတွင် အနာဂတ်တွင် ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေများနှင့် တိုးတက်လာမည့်လူဦးရေကိုလည်း ထည့်သွင်းစဉ်းစားပြီး စနစ်တကျရေးဆွဲဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးတည်ချက် (၄)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့မှာ နိုင်ငံသားများအတွက် သင့်လျော်ကောင်းမွန်ပြီး ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများကိုရေရှည်ရှင်သန်စေနိုင်သောနည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ရေး (Adequate and affordable housing for People)၊ အိမ်ရာပိုင်ဆိုင်ခွင့်အတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးစနစ် (Housing Finance Mechanism) အကောင်အထည်ဖော်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ Construction Industry ကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုပါဝင်စေပြီးအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးနှင့် ဆောက်လုပ်ရေးနည်းပညာသစ်များထွန်းကားရေးနှင့် အိမ်ရာအမှန်တကယ်လိုအပ်သူများရရှိအောင်စနစ်တကျဖြန့်ဖြူးခြင်း၊ Proper Housing Delivery System အကောင်အထည်ဖော်ရေးတို့ဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမကအခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ တည်ဆောက်ခဲ့ပြီး ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများကိုလည်း ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားရေးအခြေခံလိုအပ်ချက်ဖြစ်သော "စားဝတ်နေရေး" အရေး(၃)ပါးတွင် အဓိကအရေးပါသော နေရေးအတွက် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အဓိထား၍ တန်ဖိုးနည်းအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများနှင့် ပြည်သူ့အငှားအိမ်ရာများကို မူဝါဒချမှတ်ကာ တည်ဆောက်ပေးလျက်ရှိကြောင်း။

၂၀၁၁-၂၀၁၅ ဒီမိုကရေစီအစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၂၅၉၆ ခန်းနှင့် တန်ဖိုးသင့်အိမ်ရာစုစုပေါင်း



၇၁၃၆ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး တန်ဖိုးနည်းအိမ်ရာ စုစုပေါင်း ၂၀၂၉၈ ခန်းနှင့် အကျိုးတူအိမ်ရာ စုစုပေါင်း ၆၀၂၉ ခန်းတို့ကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြည်သူ့အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ ၁၈၃၀ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၁၁၁၆၀ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၆၈၂၉ ခန်းနှင့် တန်ဖိုးမြင့် အကျိုးတူအိမ်ရာ ၄၃၈၂ ခန်း စုစုပေါင်း ၂၉၃၅၇ ခန်းကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

အိမ်ရာကဏ္ဍတွင် နှစ်(၂၀) နှစ်ရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ် တစ်သန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှုအလားအလာရှိသည့် မြို့ကြီး ၈၁ မြို့၌ တည်ဆောက်ရန် ရည်မှန်းထားသည်။

မျှော်မှန်းအုပ်စုအနေဖြင့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ဦးစားပေးအဆင့်အဖြစ် သတ်မှတ်ပြီး ဝင်ငွေအဆင့်အတန်းပေါ်မူတည်၍ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ရောင်းချသွားမည်ဖြစ်ပြီး အိမ်ခန်းဝယ်ယူသူများအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အိမ်ရာငွေချေးစနစ်(Mortgage Loan) ဖြင့် ရစ်နှစ်အရစ်ကျ ပေးချေသောစနစ်ကျင့်သုံးရန် လျာထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအနှံ့အပြားတွင် မြို့ပေါင်း ၉၉ မြို့၏ မြို့ပြစီမံကိန်းများနှင့် မြို့တိုးချဲ့ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့ရာတွင် အိမ်ရာကွက်ပေါင်း တစ်သိန်းခန့် ပါဝင်သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြို့ပေါင်း ၅၆ မြို့အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အရ မြို့ပေါင်း ၂၂ မြို့တွင်လည်း မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

**တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေပြဇယား**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၁၉၅၁-၁၉၆၂ | | ၁၉၆၂-၁၉၈၈ | | ၁၉၈၉-၂၀၁၀ | | | | | ၂၀၁၁-၂၀၁၅ | | | | | ၂၀၁၅-၂၀၁၆ | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အငှားအိမ်ရာ | | အငှားအိမ်ရာ | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | |
| | | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန်ဖိုး နည်း | တန်ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန်ဖိုး နည်း | တန်ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန် ဖိုး နည်း | တန် ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | |
| ၁ | ကချင်ပြည်နယ် | - | - | - | ၂၀၂ | - | - | - | - | - | - | ၂၉၆ | - | - | - | ၄၈ | ၃၂ | - | - | - | ၅၈၈ |
| ၂ | ကယားပြည်နယ် | - | - | - | ၂၂၆ | - | - | - | - | - | - | ၆၄ | - | - | - | ၄၈ | ၆၀ | - | - | - | ၃၉၈ |
| ၃ | ကရင်ပြည်နယ် | - | - | - | ၁၁၄ | - | - | - | - | - | - | ၇၂ | - | - | - | ၇၂ | ၁၁၄ | - | - | - | ၃၇၂ |
| ၄ | ချင်းပြည်နယ် | - | - | - | ၂၇၈ | - | - | - | - | - | - | ၃၂ | - | - | - | ၂၄ | ၃၂ | - | - | - | ၃၆၆ |
| ၅ | မွန်ပြည်နယ် | ၂၀၀ | - | - | ၃၄၄ | - | - | - | - | - | - | ၅၆ | - | - | - | ၆၄ | ၁၂၈ | - | - | - | ၇၉၂ |
| ၆ | ရခိုင်ပြည်နယ် | - | - | - | ၃၇၆ | - | - | - | - | - | - | ၁၂၄ | - | - | - | ၇၂ | ၁၂၄ | - | - | - | ၆၉၆ |
| ၇ | ရှမ်းပြည်နယ် | - | - | - | ၇၉၃ | - | - | - | - | - | - | ၃၄၈ | - | - | - | ၁၂၀ | - | - | - | - | ၁၂၆၁ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - | ၇၁၂ | - | - | - | - | - | - | ၂၈၄ | - | - | - | ၂၄၀ | ၅၉၂ | - | ၄၄၀ | - | ၂၂၆၈ |
| ၉ | တနင်္သာရီတိုင်း ဒေသကြီး | - | - | - | ၃၆၂ | - | - | - | - | - | - | ၃၂၈ | - | - | - | ၄၈ | ၇၂ | - | - | - | ၈၁၀ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၀၀ | - | - | ၆၁၄ | - | - | - | - | - | - | ၂၄ | - | - | - | ၁၁၂ | ၁၆၄ | - | - | - | ၁၀၁၄ |
| ၁၁ | မကွေးတိုင်းဒေသကြီး | - | - | - | ၃၇၀ | - | - | - | - | - | - | ၁၁၂ | ၂၈၈ | ၄၈ | - | ၁၀၄ | ၄၈ | - | - | - | ၉၇၀ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး | ၁၉၉ | - | - | ၂၀၅၁ | - | - | - | - | - | - | ၈၂၀ | - | ၆၀၈ | ၄၅ | ၁၉၀၄ | ၄၄၀ | - | ၈၀၀ | - | ၆၈၆၇ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၁၀၂ | - | ၃၃၉၃ | ၆၉၇ | - | ၇၃ | ၃၄၄၈ | ၄၅၆၅၅ | ၂၄၇၃ | - | - | ၁၉၃၇၄ | ၅၉၉၆ | ၅၉၈၄ | ၂၁၆၀ | - | ၁၁၁၆၀ | ၅၅၈၉ | ၄၃၈၂ | ၁၁၆၄၈၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | - | - | - | ၄၉၇ | - | - | - | - | - | - | ၃၆ | ၆၃၆ | ၄၈၄ | - | ၁၄၀ | ၂၄ | - | - | - | ၁၈၁၇ |
| | စုစုပေါင်း | ၆၆၀၁ | | ၃၃၉၃ | ၇၆၃၇ | | ၇၃ | ၃၄၄၈ | ၄၅၆၅၅ | ၂၄၇၃ | | ၂၅၉၆ | ၂၀၂၉၈ | ၇၁၃၆ | ၆၀၂၉ | ၅၁၅၆ | ၁၈၃၀ | ၁၁၁၆၀ | ၆၈၂၉ | ၄၃၈၂ | ၁၃၄၆၉၆ |
| | အစိုးရခေတ်ကာလအလိုက် စုစုပေါင်းအခန်းအရေအတွက် | ၆၆၀၁ | | ၁၁၀၃၀ | | ၅၁၆၄၉ | | | | | ၃၆၀၅၉ | | | | | ၂၉၃၅၇ | | | | | ၁၃၄၆၉၆ |

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✱

**❖ ၂၀၁၅ ခုနှစ်မှ**

ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု၊ ဝန်ဆောင်မှု၊ လူသားအရင်းအမြစ်နှင့် အရင်းအနှီးများကို ဟန်ချက်ညီစွာ ပေါင်းစပ်လိုက်မည်ဆိုပါက ဒေသတစ်ခုလုံးအတွင်း အခွင့်အလမ်းများစွာ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ အာရှဒေသတွင် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိနေမှု၊ သဘာဝအရင်းအမြစ်ကြွယ်ဝမှုနှင့် လုပ်သားအင်အားများစွာရှိနေမှု အစရှိသောအားသားချက်များက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အလားအလာများဖြစ်ကြောင်း ဆိုသည်။

ထို့အတူ မေဘက်၏စီအီးအိုဖြစ်သူ ပူလီဆင်းက မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်ရေးကဏ္ဍ ကျယ်ပြန့်လာသည်နှင့်အတူ ၂၀၁၅ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၉ ဒသမ ၃ ရာခိုင်နှုန်း ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၂ ခုနှစ်ကတည်းက ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်းနှင့်အတူ အပြောင်းအလဲကြီးတစ်ရပ်ကို ဖြတ်သန်းလာခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံရရှိခဲ့သဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်က စီးဝင်လာသည့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၃၂၉ ဒသမ ၆ သန်းနှင့် နှိုင်းယှဉ်ပါက ၂၅ ဆ မြင့်တက်ခဲ့ကြောင်း၊ ဖော်ပြပါ တိုးတက်မှုများသည် ငွေကြေးဝန်ဆောင်မှုများကို သွက်လက်လာစေမည့် မောင်းနှင်အားများဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ငါးနှစ်တာကာလအတွင်း နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းအပေါ် အခြေခံထားသည့် မိမိတို့၏ဘဏ်လုပ်ငန်းသည်လည်း တစ်ဟုန်ထိုးတိုးတက်လာမည်ဟု မျှော်လင့်ထားပါကြောင်း၊ မိမိတို့မေဘဏ်သည် ၁၉၉၄ ခုနှစ်က မြန်မာနိုင်ငံကို စတင်ရောက်ရှိလာကတည်းက မြန်မာနိုင်ငံ၏ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘဏ်ပေါင်းစုံမှကူညီပံ့ပိုးခဲ့ပါကြောင်း ပြောကြားသည်။ **သည်စတားအွန်လိုင်း။**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

# ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်ခဲ့သော အိမ်ရာစီမံကိန်းအချို့၏ မှတ်တမ်းဓာတ်ပုံများ



မြို့ရွာဖွံ့ဖြိုးမှုအခြေပြု အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း။




ရန်ကုန်မြို့ မြို့ပြနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေး အဆိုပြု သဘောထားပုံစံ။



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ တန်ဖိုးသင့်အိမ်ရာစီမံကိန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဇေယျာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်းအား တွေ့ရစဉ်။



ကယားပြည်နယ် လွိုင်ကော်မြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

## ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့လှူဒါန်းသည့်အလှူငွေများ လက်ခံ

**ရန်ကုန် အောက်တိုဘာ ၅**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ အဆိုပါ ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒသိရီက နိုင်ငံတော် သံဃမဟာနာယက ကျောင်းဆောင် မြန်မာမှုများ ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၅၀ နှင့်ရှမ်းပြည်နယ် ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ အထွေထွေအသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အလှူငွေများကို လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသည့်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ နိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်နှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) မှ အနယ်နယ်အရပ်ရပ်ရှိ ရေဘေးသင့်ဒေသ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ အတွက် ဆွမ်းဆန်တော်အိတ် ၅၀ နှင့်ငွေကျပ် သိန်း ၁၀၀ ကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့်ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။




သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်၊ သင်္ကန်း ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ် သိန်း ၃၁၂၀ လှူဒါန်းပြီးဖြစ်သည်။ ရေဘေးသင့်ဒေသများနှင့်အတူ ကျေးလက်ဒေသ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့လည်း ဆက်လက်လှူဒါန်းသွားရန် စီစဉ်လျက်ရှိပြီး မကြာမီ ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲစတင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲကျင်းပ




**ရန်ကုန် အောက်တိုဘာ ၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)လက်မှတ် ရေးထိုးပြီးပါက နိုင်ငံရေး ဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် နိုင်ငံရေးမူဘောင်ဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

နိုင်ငံရေးမူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ၅၆ ခုအား ကိုယ်စားပြုသည့် ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့(UNA)၊ အမျိုးသား ဒီမိုကရက်တစ်ပါတီ-မြန်မာ (NDF)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ကရင်စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ (KNU/KNLA-PC)၊ EBO Myanmar၊ ဗေဒါအင်စတီကျု၊ PPIC နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက "ဒါဟာ အပစ်အခတ်ရပ်စဲပြီးရင် သွားရမယ့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက် အခြေခံကျတဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်ပါတယ်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်နိုင်မယ့် ပထမဦးဆုံး ခြေလှမ်းပါပဲ။ NCA ရေးထိုးပြီးရင် ဆောင်ရွက်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို သတ်မှတ်ထားတဲ့ရက်အတောအတွင်းမှာ ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာအစုအဖွဲ့တွေနဲ့ ကြိုတင်ညှိနှိုင်းထားကြတဲ့ သဘောမျိုးဖြစ်ပါတယ်။ တစ်ဖွဲ့ချင်း အနေအထားအရ ဆွေးနွေးကြတာပါ" ဟု ဆွေးနွေးပွဲအပေါ် သုံးသပ်သည်။

ဆွေးနွေးပွဲတွင် NCA လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံရေး ဆွေးနွေးပွဲပူးတွဲမူဘောင်ပေါ်ပေါက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်အတွက်လမ်းပြမြေပုံမူကြမ်း၊ အလွတ်သဘောဆွေးနွေးပွဲများမှ ရရှိထားသည့်ဘုံနားလည်မှုများနှင့် အခြေခံမူများ၊ နိုင်ငံရေးဆွေးနွေးပွဲတွင် အသုံးပြုမည့် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဘုံနားလည်မှုများနှင့် အခြေခံမူများကို အတည်ပြုခဲ့ကြပြီး ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ အတွင်းရေးမှူး ဒေါ်စောမြရာဇာလင်းက " NCA လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးမူဘောင် ရေးဆွဲရမှာပါ။ အဓိကက နိုင်ငံရေးပါတီတွေနဲ့ ကြိုတင်ညှိနှိုင်းတဲ့သဘောပါ။ ဒီနေ့ဆွေးနွေးပွဲမှာ ပါတီတွေက ကိုယ်စားပြု တက်ရောက်မှုတွေ ရှိပေမယ့် အင်အားနည်းတယ်။ ရွေးကောက်ပွဲအတွက် အချိန်အများကြီးပေးနေရလို့ ဖြစ်မယ်"ဟု နိုင်ငံရေးပါတီများ တက်ရောက်မှုနည်းပါးခြင်းအပေါ် သုံးသပ်သည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အစိုးရကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်က နိုင်ငံရေးမူဘောင်ရေးဆွဲရေး အတွက် ခုနစ်ကြိမ်မြောက်အဖြစ် အလွတ်သဘောတွေ့ဆုံခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး (CNF) မှ အဓိပတိကောင်စီဝင်ဖြစ်သူ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ဆိုတာ နိုင်ငံရေးပါတီတစ်ခုက ငါတို့ အာဏာရလာရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် ဘယ်လိုပေါ်လစီချမှတ်မလဲ။ ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ ရေတိုနိုင်ငံရေးစီမံကိန်းမျိုးမဟုတ်ဘဲနဲ့အနှစ် ၆၀ ပြည်တွင်းစစ်ကိုရပ်စဲပြီး ကျွန်တော်တို့တိုင်းပြည် အေးချမ်းသာယာဖို့ တိုးတက်ဖို့ တိုင်းရင်းသားလူမျိုးအားလုံး အတူလက်တွဲ နေထိုင်နိုင်မယ်ဆိုတဲ့ အရင်းခံပြဿနာကို ဖြေရှင်းဖို့က ပိုအရေးကြီးတယ်လို့ ကျွန်တော် ပြောချင်ပါတယ်"ဟု နိုင်ငံရေး မူဘောင်နှင့် စပ်လျဉ်းပြီး သုံးသပ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# သံတောင်ကြီးမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ မြေငှားဂရန်ထုတ်ပေး

**သံတောင်ကြီး အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် စီပင်ကြီးကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာ၌ မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၃ ရက်က စီပင်ကြီးကျေးရွာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးဝင်းတို့က တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေငှားဂရန်များကို ပေးအပ်ရာ ဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းတို့က ပေးအပ်ပြီး ဒေသခံ ဥသျှစ်ကုန်းကျေးရွာသူ ကျေးရွာသားများက လက်ခံရယူခဲ့ကြသည်။ အဆိုပါ မြေငှားဂရန် ထုတ်ပေးသော ဥသျှစ်ကုန်းကျေးရွာသည် ကရင်ပြည်နယ်တွင် ပထမဆုံးမြေငှားဂရန်စတင်ထုတ်ပေးသောကျေးရွာဖြစ်ကြောင်း သိရသည်။

**(၄၁၀)**



# ကျိုက်ထိုမြို့နယ် သစ်ဆိပ်ပင်ကျေးရွာ၌ မြေငှားဂရန်များထုတ်ပေး

**ကျိုက်ထို အောက်တိုဘာ ၅**

ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု သစ်ဆိပ်ပင်ကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် အခြေခံပညာမူလတန်းကျောင်း(သစ်ဆိပ်ပင်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြေငှားဂရန်ထုတ်ပေးရေးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာနေပြည်သူများ၏ လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာမြေငှားဂရန်များကို ထုတ်ပေးလျက်ရှိကြောင်း၊ မြေငှားဂရန်ရရှိပိုင်ဆိုင်ထားသည့်အတွက် ရရှိလာမည့်အခွင့်အရေးနှင့် အကျိုးကျေးဇူးများကို ကျေးရွာနေပြည်သူများအား ရှင်းလင်းပြောကြားပြီး မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက မြေငှားဂရန်စာချုပ် ၄၁ ခုကို သစ်ဆိပ်ပင်ကျေးရွာရှိ မြေပိုင်ရှင်များလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဝင်းမောင်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ

## အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေပြစာရင်းချုပ်

| စဉ် | အစိုးရခေတ်ကာလ | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ပြည်သူ့အငှားအိမ်ရာ | ဝန်ထမ်းအိမ်ရာ | တန်ဖိုးနည်း | တန်ဖိုးသင့် | တန်ဖိုးမြင့် (အကျိုးတူ) | | |
| ၁ | ပါလီမန်မှ တော်လှန်ရေးကောင်စီခေတ် (၁၉၅၁-၁၉၆၂) | ၆၆၀၁ | - | - | - | - | ၆၆၀၁ | |
| ၂ | တော်လှန်ရေးကောင်စီမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂-၁၉၈၈) | ၃၃၉၃ | ၇၆၃၇ | - | - | - | ၁၁၀၃၀ | |
| ၃ | တပ်မတော်အစိုးရခေတ် (၁၉၈၉-၂၀၁၀) | - | ၇၃ | ၃၄၄၈ | ၄၅၆၅၅ | ၂၄၇၃ | ၅၁၆၄၉ | |
| ၄ | ဒီမိုကရေစီအစိုးရခေတ် (၂၀၁၁-၂၀၁၅) | - | ၂၅၉၆ | ၂၀၂၉၈ | ၇၁၃၆ | ၆၀၂၉ | ၃၆၀၅၉ | ] ၆၅၄၁၆ |
| ၅ | ဒီမိုကရေစီအစိုးရခေတ် (၂၀၁၅-၂၀၁၆) | ၅၁၅၆ | ၁၈၃၀ | ၁၁၁၆၀ | ၆၈၂၉ | ၄၃၈၂ | ၂၉၃၅၇ | |
| | စုစုပေါင်း | ၁၅၁၅၀ | ၁၂၁၃၆ | ၃၄၉၀၆ | ၅၉၆၂၀ | ၁၂၈၈၄ | ၁၃၄၆၉၆ | |

## မြန်မာနိုင်ငံလူမှုဝန်းကျင်အဖွဲ့အစည်းသို့ ပြန်လည်ထောက်ပံ့



ရန်ကုန် အောက်တိုဘာ ၅

တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်အားပေးပွဲတော် Samsung Global Volunteer Festival 2015 ၏ တစ်စိတ်တစ်ပိုင်းအနေနှင့် မြန်မာနိုင်ငံတွင် ၎င်းတို့၏ ဒေသဆိုင်ရာ Love & Care Program အား အောက်တိုဘာ ၃ ရက်တွင် စတင်လှုပ်ရှား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလှုပ်ရှားမှု အစီအစဉ်၏ ပဏာမခြေလှမ်းအရ အရှေ့တောင်အာရှနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာ နိုင်ငံအသီးသီးရှိSamsung မှ လုပ်အားပေးအဖွဲ့များသည် ပဲခူးတိုင်းဒေသကြီးရှိ ပန်းပျိုးလက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အစားအသောက်၊ စာရေးကိရိယာများ ပံ့ပိုးပေးရုံသာမက ကျောင်းသား ကျောင်းသူ ၄၀၀ကျော်အား နည်းပညာကို အသုံးပြု၍ လေ့လာသင်ကြားမှုဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များကို သွားရောက်ပြုလုပ်ဆောင်ရွက်ခဲ့သည်။

"ဒီ Samsung Love & Care Program အစီအစဉ်က အာဆီယံဒေသအတွင်းမှာ ပထမဆုံးအကြိမ်အနေနဲ့ လှုပ်ရှားဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း မြန်မာနိုင်ငံကို အခုလိုလာရောက်ပြီး ကလေးတွေနဲ့အတူ ပျော်စရာကောင်းပြီးအဓိပ္ပာယ်ရှိတဲ့ အချိန်လေးတွေကို ဖြတ်သန်းရတဲ့အတွက် အလွန်ကျေနပ်အားရမိပါတယ်။ ဒီ program က တစ်ဆင့်ကျွန်မတို့မှာရှိတဲ့ ဗဟုသုတနဲ့စွမ်းဆောင်ရည်တွေကို လေ့လာသင်ကြားမှုဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်တွေကို ပြုလုပ်ပြီး မျှဝေပေးရုံသာမက မြန်မာနိုင်ငံမှာရှိတဲ့ ဒေသခံအဖွဲ့အစည်းတွေကို ကူညီအားပေး ထောက်ခံပေးနိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု Samsung အရှေ့တောင်အာရှနှင့် သမုဒ္ဒရာဒေသပိုင်းဆိုင်ရာ Corporate Marketing ၏ Vice President Irene Ng က ပြောကြားခဲ့သည်။

Samsung သည် မြန်မာနိုင်ငံအတွင်းပညာသင်ကြားရန်၊ အခွင့်အလမ်းများပိုမိုရရှိစေရန် ရည်ရွယ်ချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပညာသင်ကြားခွင့်ဆုံးရှုံးခဲ့သော ကလေးသူငယ်များကို ပညာသင်ကြားနိုင်ရန်အတွက် ရွေ့လျားစာသင်ခန်းများဖြင့် သင်ကြားပေးသည့် ပြည်တွင်းမှ NGO မြန်မာရွေ့လျားပညာသင်ကြားရေးအစီအစဉ် My ME Project နှင့်ယခုနှစ်အစောပိုင်းတွင် ပူးပေါင်းခဲ့သည်။

ရွေ့လျား စာသင်ခန်းများသည် ၎င်းကလေးသူငယ်များအား အခြေခံစာတတ်မြောက်မှု၊သင်္ချာနှင့် ကွန်ပျူတာ သင်ခန်းစာများကို ဆန်းသစ်ထူးခြား၍ အပြန်အလှန် မေးမြန်းသင်ကြားမှုရှိသော သင်ကြားပို့ချမှုများမှတစ်ဆင့် ၎င်းတို့အနေနှင့် မိမိကိုယ်ကို ယုံကြည်နိုင်ပြီး စဉ်းစားတွေးခေါ်နိုင်စွမ်းများ ရရှိနိုင်သည့် လုံခြုံစိတ်ချရ၍ သက်သောင့်သက်သာရှိသောပတ်ဝန်းကျင်တွင် သင်ယူနိုင်မည့် အခွင့်အရေးများကို ပံ့ပိုးထောက်ပံ့ပေးခဲ့သည်။

ပညာရေးအပြင် Samsung အနေဖြင့် မြန်မာနိုင်ငံတွင် မကြာသေးမီက ကန်ဒေါ်လာ တစ်သိန်းကျော်နှင့် တီဗွီ ၈၄ လုံးတို့အား မြန်မာ့ကြက်ခြေနီအသင်းသို့ ရေဘေးသင့်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့သည်။ Samsung မှ ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးဒဏ်ခံခဲ့ရသောဒေသများသို့ ကယ်ဆယ်ရေးပစ္စည်း တစ်ထောင်ကျော်ကိုလည်း ထောက်ပံ့လှူဒါန်းခဲ့သည်။

(ကြေးမုံ)

## မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ခြေစစ်ပွဲအောင်ရေး အဆုံးအဖြတ်ပွဲကစားရမည်

ရန်ကုန် အောက်တိုဘာ ၅

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် အာရှယူ-၁၉ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု နောက်ဆုံးပွဲများကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု(G) တွင်ပါဝင်နေသည့် အိမ်ရှင် မြန်မာအသင်းမှာ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ယနေ့ယှဉ်ပြိုင်ရမည့် ဗီယက်နမ်အသင်းကို အနိုင်ကစားနိုင်ရန် လိုအပ်နေပေသည်။

နောက်ဆုံးနေ့ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်အသင်းနှင့် ဘရူနိုင်းအသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ကိုးမှတ်၊ အိမ်ရှင်မြန်မာအသင်းက ခုနစ်မှတ်တို့ရရှိထားပြီး ခြေစစ်ပွဲအောင်မြင်ရေးအတွက် အပြိုင်ဖြစ်နေသည်။ ပွဲကုန်ကစားပြီး ငါးမှတ်ရခဲ့သည့် တီမောအသင်း၊ တစ်ပွဲကစားရန် ကျန်သေးသည့် ဟောင်ကောင်နှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိတော့ပေ။ အာရှဘောလုံးအဖွဲ့ချုပ် (AFC)သည်ယခုခြေစစ်ပွဲကိုအုပ်စု ၁၀စုခွဲ၍ ကျင်းပနေပြီး လေးသင်း ရှစ်အုပ်စုနှင့်ငါးသင်း နှစ်အုပ်စု ပါဝင်နေသည်။အုပ်စုတစ်စုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့်ဒုတိယနေရာရအသင်းများထဲမှ အကောင်းဆုံး ငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ငါးသင်းအတွက် ရွေးချယ်ရာတွင် ငါးသင်းနှစ်အုပ်စု ပါဝင်နေသောကြောင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်နေသည့် အသင်းနှင့် ရလဒ်ကို ပယ်ဖျက်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် လက်ရှိတွင် ဒုတိယနေရာတွင် ရပ်တည်နေသော်လည်း ဇယားအောက်ဆုံးမှ ဘရူနိုင်းအသင်းနှင့်ရလဒ်ကို ပယ်ပါက လေးမှတ်သာရှိပြီး ဂိုးကွာခြားချက်တွင်လည်း +၁ ရှိမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်ပွဲစဉ်များအပြီးတွင် ဒုတိယနေရာရထားသည့် အသင်း ၁၀ သင်းရလဒ်ကို တွက်ချက်ရာတွင် မြန်မာအသင်းမှာ အဆင့် ၉ နေရာတွင် ရောက်ရှိနေပြီး ခြောက်မှတ်ရထားသည့်အသင်းမှာ ငါးသင်းအထိရှိနေသည့်မြန်မာအသင်းအနေဖြင့်ဗီယက်နမ်အသင်းကို သရေ(သို့) ရှုံးခဲ့ပါက အကောင်းဆုံးဒုတိယနေရာ ငါးသင်းစာရင်းဝင်ရန် မလွယ်ကူနိုင်ပေ။ ယင်းအတွက်ကြောင့် မြန်မာအသင်းအနေဖြင့်ခြေစစ်ပွဲအောင်ရန် ဗီယက်နမ်အသင်းကို အနိုင်ကစားရန် လိုအပ်နေပြီး အနိုင်ရခဲ့ပါက ရမှတ် ၁၀မှတ်ဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

(ရှိုင်းထက်ဇော်)

## ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၂၉၆ |
| ၂။ | ကယားပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၆၄ |
| ၃။ | ကရင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၇၂ |
| ၄။ | ချင်းပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၃၂ |
| ၅။ | မွန်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၅၆ |
| ၆။ | ရခိုင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၁၂၄ |
| ၇။ | ရှမ်းပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၃၄၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၂၈၄ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၃၂၈ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၂၄ |
| ၁၁။ | မကွေးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၁၁၂ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၈၂၀ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၃၆ |
| | | စုစုပေါင်း | ၂၅၉၆ |

## ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောက်လုပ်မှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ-မိ့ုနယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ | ၁၇၆၈ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ-မိ့ုနယ် ရွှေပေါက်ကံ(၁၄)ရပ်ကွက်တန်ဖိုးနည်းအိမ်ရာ | ၆၂၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာ | ၁၆၉၈၆ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ ဥမ္မာဒန္တီ တန်ဖိုးနည်းအိမ်ရာ | ၆၃၆ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချမ်းမြေ့သာယာ တန်ဖိုးနည်းအိမ်ရာ | ၂၈၈ |
| | | စုစုပေါင်း | ၂၀၂၉၈ |

## ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများ ဆောက်လုပ်မှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အင်းဝ တန်ဖိုးသင့်အိမ်ရာ | ၆၇၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေပြည်သာ-မိ့ုနယ် တန်ဖိုးသင့်အိမ်ရာ | ၄၀၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ-မိ့ုနယ် ထီးလှိုင်ရှင် တန်ဖိုးသင့်အိမ်ရာ | ၅၇၆ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာစီမံကိန်း | ၄၃၄၄ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | မြရည်နန္ဒာတန်ဖိုးသင့်အိမ်ရာ | ၆၀၈ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်-မိ့ု မနောသုခ တန်ဖိုးသင့်အိမ်ရာ | ၄၈၄ |
| ၇။ | မကွေးတိုင်းဒေသကြီး | ချမ်းမြေ့သာယာ တန်ဖိုးသင့်အိမ်ရာ | ၄၈ |
| | | စုစုပေါင်း | ၇၁၃၆ |

## ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ် အကျိုးတူအိမ်ရာစီမံကိန်းများ ဆောက်လုပ်မှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်-မိ့ုနယ် (၅၁)လမ်း အိမ်ရာစီမံကိန်း | ၅၂၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | လင့်လမ်းအိမ်ရာစီမံကိန်း | ၁၂၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ-မိ့ုနယ် ခေမာသီလမ်းမကြီးနှင့် အမယာလမ်းထောင့် အိမ်ရာစီမံကိန်း | ၁၆၀ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာစီမံကိန်း | ၅၁၇၈ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး-မိ့ု စိတ္တမဟီအိမ်ရာစီမံကိန်း | ၄၅ |
| | | စုစုပေါင်း | ၆၀၂၉ |

အနုပညာ

# နားပန်းဆံတေးသံရှင်

တင့်လွင်ဦး
စီးပွားရေးတက္ကသိုလ်



မြန်မာတို့သည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ရုပ်ရှင်နှင့် ကိုယ့်ဂီတကို နှစ်သက်မြတ်နိုး တန်ဖိုးထားကြသူများ ဖြစ်သည်။ သို့ဖြစ်၍ ရုပ်ရှင်ဂီတ အနုပညာရှင်များကို ပြင်ပမှာ တွေ့ကြသည့်အခါ ထန်းလျက်ကို ပုရွက်ဆိတ်များခဲသည်သို့ ဝိုင်းအုံကြည့်ကြ၊ မိတ်ဖွဲ့ချင်ကြသည်။ အနှောင့်အယှက်ပေးခြင်းမဟုတ်။ သို့ဖြင့် ရုပ်ရှင်ဂီတနှင့် ပတ်သက်လာလျှင်၊ စိတ်ကြိုက်တွေ့လျှင် နှလုံးသားဝယ် သံမှိုစွဲသည့်အလား မှတ်သားထားတတ်ကြသည်။ "ဗိုလ်အောင်ဒင်" ဆိုသည်နှင့် မင်းသား ခင်မောင်ရင်၊ "ဘဝသံသရာ" သီချင်းကြားသည်နှင့် ဦးသုခ၊ "ဖိုးပြုံးချို"ဇာတ်ကားအကြောင်းပြောလျှင် ဖိုးပါကြီး၊ "ထွေးညို"သီချင်းသံကြားလျှင် တွံတေးသိန်းတန်၊ "မှုံရွှေရည်" ဆိုလျှင် ဝင်းဦး၊ "ကျောက်ခဲ" သီချင်းကို ဆိုမှမဟုတ် တီးလုံးအတော တောလိုက်သည်နှင့် ဇော်ဝမ်းမှန်းတမ်းသိကြသည်။ ထို့အတူ "နားပန်းဆံ" သီချင်းမူရင်းအဆိုတော် ဘယ်သူလဲ မေးရန်မလို၊ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ခင်၏ သီချင်းမှန်း လူငယ်လူကြီး မရွေး တစ်ပြည်လုံးသိကြသည်။

"နားပန်းဆံ" သီချင်းကို ဖန်တီးသည့်တေးလက်ရာရှင်မှာ အလင်္ကာကျော်စွာ ဆရာ ရွှေပြည်အေး၊ မြန်မာတို့၏ကျေးလက်ဘဝကို နောက်ခံပြု၍ ကျေးလက်. .၊ ကျေးလက်ဂီတနှင့် ကျေးလက်ဒါနတို့ကို ရုပ်လုံးပေါ်အောင်စပ်ဆိုထားပြီး မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့သံစဉ်များဖြင့် မြူးမြူးကြွကြွ လှုလှုပပထုံမွှမ်းထားရာ နားဆင်ရသူအပေါင်း ထကချင်စိတ်ပေါက်လောက်အောင် ကောင်းလှသည်။ မြန်မာပြည်သား မြန်မာတို့နားဖြင့် ကြားလေကြားရ ကြားမဝနိုင်၊ အထူးလက်ရာမြောက် ဂန္ထဝင်တေးတစ်ပုဒ်၊ မြန်မာ့အသံဓာတ်ပြား၊ ရောင်းတမ်းဓာတ်ပြား၊ ရုပ်ရှင်နောက်ခံတေးအဖြစ် ဒေါ်မြင့်မြင့်ခင်ကိုယ်တိုင် သီဆိုခဲ့သည်။

၁၉၆၅ ခုနှစ်ခန့်က ဒါရိုက်တာ ဦးတင်ယု ၏ လက်ရာ မင်းသားလင်းထင်၊ မင်းသမီး သီရိကေခိုင်(ဒေါ်မြင့်မြင့်ခင်၏သမီး)တို့ ခေါင်းဆောင်ပါဝင်ထားသည့် "ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်" ရုပ်ရှင်ဇာတ်ကားတွင် "နားပန်းဆံ" သီချင်းကို နောက်ခံဇာတ်ဝင်တေးအဖြစ် အသုံးပြုပြီး မင်းသမီး သီရိကေခိုင်က နားပန်းဆံ အကကို ကပြသွားခဲ့သည်။ ဂီတမှူး ဇော်ဟိန်း "သစ္စာပန်း" ၏ ဆက်သွယ်ပေးမှုဖြင့် စာရေးသူနှင့် ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ခင် (အမေဒေါ်မြင့်မြင့်ခင်)တို့ ဆုံတွေ့ခဲ့ကြရာ ဖော်ရွေသောအပြုံးပိုင်ရှင် အမေ၊ အသက်(၈၀)ကျော်ပြီဖြစ်သော်လည်း သီလကောင်းသဖြင့် လူရွယ်တစ်ဦးနှင့်မခြား သွက်လက်ပေ့ါပါးနေသောအမေ၊ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော အတိတ်ဖြစ်ရပ်များကို ဒက်ကနဲ ဒက်ကနဲ ရှင်းပြနိုင်သောအမေ၊ မြန်မာ့ရုပ်ရှင်နှင့်ဂီတလောကအတွက် များစွာအကျိုးပြုခဲ့သော အမေ့ကို ယခုလို ကျန်းမာရွှင်လန်းစွာ တွေ့လိုက်ရသည့်အတွက် စာရေးသူများစွာ ကြည်နူးပီတိဖြစ်မိသည်။

"အကယ်ဒမီ(၅)ဆုရှင် ရုပ်ရှင်သရုပ်ဆောင် တေးသံရှင် စည်သူ ဒေါ်မြင့်မြင့်ခင်" . . . သန်လျင်သူ၊ ငယ်နာမည် ဘေဘီ၊ အဖ B.O.C အင်ဂျင်နီယာ ဦးဘိုးမင်းနှင့် အမိ ဒေါ်အေးကြည်တို့က ၁၃-၈-၁၉၃၄ တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။ ကျောင်းနေအရွယ် တစ်ဖက်မှ စေတနာလုပ်အားပေးသူနာပြုအဖြစ် သုံးနှစ်ခန့်လုပ်ရင်း ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌တင်ဆက်ကပြသည့် ဒါရိုက်တာ ဦးအေးမြင့်၏ လက်ရာ စိန်ဂွန်းသူနာပြုတပ်ဖွဲ့ ရန်ပုံငွေ ပြဇာတ်၌ ပါဝင်ကပြခွင့်ရခဲ့သည်။ ထိုပြဇာတ်ကိုကြည့်ပြီး ရုပ်ရှင်အသိုင်းအဝိုင်းမှ စိတ်ဝင်စားလာသည့်အတွက် မင်းသားကျော်ဖေ(ရုပ်ရှင်သရုပ်ဆောင် ဒေါ်ခင်လေးဆွေ ခင်ပွန်း)၏ ဆက်သွယ်ပေးမှုဖြင့် ရုပ်ရှင်လောကထဲရောက်ရှိခဲ့သည်။ ၁၉၅၀ ခုနှစ်ခန့်တွင် ဗြိတိသျှဘားမားရုပ်ရှင်မှ ဒါရိုက်တာ ဦးအောင်ကြီး ရိုက်ကူးသည့် "မာယာရှင်" အသံတိတ်ဇာတ်ကားတွင် မင်းသားကျော်ဖေ၊ ရဲမြင့်၊ မင်းသမီး ခင်ခင်တင့်တို့နှင့်တွဲဖက် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဒါရိုက်တာ စာရေးဆရာမင်းရှင်နောင် ရိုက်ကူးသည့် "အနိုင်မခံ"အသံတိတ်ဇာတ်ကားတွင် မင်းသားရွှေမန်းထွန်းတင်နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသမီးအဖြစ် စတင်သရုပ်ဆောင်ခဲ့သည်။ အမေသည် အသံတိတ်ခေတ်၊ သံစုံသွင်းခေတ်၊ အသံထွက်ခေတ်နှင့် ဗီဒီယိုခေတ်အဆက်ဆက်တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရှေ့မီနောက်မီ ရုပ်ရှင်အနုပညာရှင်တစ်ဦး၊ အသံတိတ်ခေတ်နှင့် သံစုံသွင်းခေတ်တို့တွင် အမေပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားပေါင်းမှာ ၁၅ ကားခန့်၊ အသံထွက်ခေတ်တွင် ၆၅ ကားခန့်နှင့် ဗီဒီယိုခေတ်တွင် ဇာတ်ကားပေါင်း ၃၀ ခန့် ရိုက်ကူးခဲ့သည်။

ခေတ်အဆက်ဆက်ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်းများစွာအနက်မှ ထင်ပေါ်ကျော်ကြားသည့် ဇာတ်ကားအချို့ကို ကောက်နုတ်ဖော်ပြရလျှင်-

(၁) ဗြိတိသျှဘားမားရုပ်ရှင်မှ ဒါရိုက်တာဦးချစ်ခင်ရိုက်ကူးပြီး မင်းသားကျော်ဆွေနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် "ချစ်ပန်းသဇင်"၊ "မွှေး" နှင့် "ဖြေလျော့ခွေ"

(၂) မန္တလေးရုပ်ရှင်မှ ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူးပြီး မင်းသားမောင်မောင်တာနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် "ဤလူ့ဘောင်တွင်"

(၃) မင်းသားရွှေဘနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် "တောပုန်းကြီးစံဖဲ"

(၄) ရွှေညာမောင်ရုပ်ရှင်မှ ဒါရိုက်တာ ဦးချင်းစိန်(ရွှေညာမောင်)ရိုက်ကူးပြီး ကောလိပ်ဂျင်နေဝင်းနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် "ကောလိပ်ဂျင်"

(၅) အေဝမ်းဖလင်မှ ဒါရိုက်တာ အေဝမ်း ဦးတင်မောင် ရိုက်ကူးပြီး ညွန့်ဝင်းနှင့် တွဲဖက်သရုပ်ဆောင်ထားသည့် "မမထားနှင့် အပါ"

(၆) မဟာဗောဓိရုပ်ရှင်မှ ဒါရိုက်တာ မြတ်လေး ရိုက်ကူးပြီး ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ စိုးရွှေတို့နှင့် တွဲဖက်သရုပ်ဆောင်ထားသည့် "ချွေးနှင့် သွေးနှင့် ရင်းသည့်မြေ"

(၇) ဗြိတိသျှဘားမားရုပ်ရှင်မှ ဒါရိုက်တာစံရွှေမောင်(အောင်လွင်) ရိုက်ကူးပြီးဝင်းဦး၊ အောင်လွင်၊ ခင်လေးဆွေတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် "တိမ်လွှာမို့မို့လွင်"

(၈) မြနန္ဒာရုပ်ရှင်ဒါရိုက်တာ တင်ထွန်းနိုင် ရိုက်ကူးပြီး ဝင်းဦးနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည့် "မုန်းပါတယ် မောင့်ကို"

အမေ အကယ်ဒမီထူးချွန်ဆုရရှိခဲ့သည်များကို ဆက်လက်ဖော်ပြရလျှင်-

(၁) ၁၉၅၇ ခုနှစ်တွင် မောင်မောင်စိုး ရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်စိုး ရိုက်ကူးပြီး မင်းသား ဇေယျာမြင့်အောင်၊ ကျော်ဖေတို့နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည့် "ချစ်ညီမ" အသံထွက် ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် အကယ်ဒမီ ထူးချွန်ဆု၊

(၂) ၁၉၅၈ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်မှ ဒါရိုက်တာ ဦးချစ်ခင် ရိုက်ကူးပြီးမင်းသားကျော်ဆွေနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည့် "ဖြေလျော့ခွေ" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင် အကယ်ဒမီ ထူးချွန်ဆု

(၃) ၁၉၇၃ခုနှစ်တွင် ဝင်းဦးနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည့် "မုန်းပါတယ်မောင့်ကို" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် အကယ်ဒမီ ထူးချွန်ဆု

(၄) ၁၉၈၀ ခန့်တွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ် (ဆိုးပေ/မောင်မဲ) ရိုက်ကူးသည့် "မှ တပါးအခြားမရှိ" ဇာတ်ကားဖြင့်အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဇာတ်ပို့ဆု

(၅) ဒါရိုက်တာ ဦးခင်ဇော် ရိုက်ကူးသည့် "မြင့်မိုရ်တောင်ဦးမကကျူးသား"ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဇာတ်ပို့ဆု စုစုပေါင်း အကယ်ဒမီငါးဆု ရရှိခဲ့ပြီး ၂၀၁၂ခုနှစ်တွင် နိုင်ငံတော်မှ "စည်သူဘွဲ့" ချီးမြင့်ခြင်းခံခဲ့ရသည်။

ဘဝလက်တွဲဖော်အဖြစ် ၁၉၅၆ ခုနှစ်တွင် ဗဟိုတရားရုံးချုပ်ရှေ့နေဦးခင်မောင်ညွန့်နှင့်ဖူးစာဆုံခဲ့ပြီး သမီး ငါးယောက်မွေးဖွားခဲ့သည်။ အကြီးဆုံးမှာ မတင်အေးမြင့်(ခ)ရုပ်ရှင်သရုပ်ဆောင် သီရိကေခိုင်(အကယ်ဒမီ ထွန်းထွန်းနိုင်၏ဇနီး)၊ စတုတ္ထမြောက်မှာနိုင်ငံကျော်တေးသံရှင်နှင့်ရုပ်ရှင်သရုပ်ဆောင်မေဆွိ၊ အငယ်ဆုံးမှာတေးသံရှင်လဲ့ယဉ်မြင့်။

အမေသည်ဝါသနာအရ အားလပ်သည့်အခါ စောင်းတီးလေ့ရှိပြီး ဂီတအခြေခံရှိသည့်အတွက် မြန်မာ့အသံ ဓာတ်ပြားတေး၊ ရောင်းတမ်းဓာတ်ပြားတေးနှင့် ရုပ်ရှင်နောက်ခံတေးများ အပါအဝင် အောင်မြင်ကျော်ကြားသည့် တေးသီချင်းပေါင်း ၁၅ ပုဒ်ခန့်သီဆိုခဲ့သည်။ အမေသီဆိုခဲ့သည့် သီချင်းအများစု၏ တေးလက်ရာရှင်မှာ အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး၊ အမေမှတ်မိသမျှ သီဆိုခဲ့သည့် ရုပ်ရှင်နောက်ခံ တေးများမှာ (၁) အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး ရေးစပ်သည့် "ချစ်စိတ်ရည်" သီချင်းကို "သက်လယ်" ရုပ်ရှင်ဇာတ်ကား နောက်ခံတေးအဖြစ် အမေ အသက် (၁၇) နှစ်အရွယ်တွင် သီဆိုခဲ့သည်။ ရောင်းတမ်း ဓာတ်ပြား တေးအဖြစ် ထိုသီချင်းကို ရုပ်ရှင်မင်းသမီး ဒေါ်ကြည်ကြည်ဌေးက ပြန်လည်သီဆိုသည်။

(၂) မန္တလေးဦးဘသိန်းရေးစပ်သည့် "ရွှေမန်းဆီသို့" တေးသီချင်းကို "ဤလူ့ဘောင်တွင်" ရုပ်ရှင်နောက်ခံတေး အဖြစ် အမေသီဆိုခဲ့ပြီး ရောင်းတမ်းဓာတ်ပြားတေးအဖြစ်တေးသံရှင် မစိမ်းစိမ်း ပြန်လည်သီဆိုခဲ့သည်။

(၃) ဂီတစာဆို ကိုလေးညွန့်ရေးစပ်သည့် "ချစ်သူ့နယ်မြေ"သီချင်းကို "ရေစီးတစ်ခါရေသာတလှည့်" ရုပ်ရှင်နောက်ခံတေးအဖြစ် အမေသီဆိုခဲ့ပြီး ရောင်းတမ်းဓာတ်ပြားတေးအဖြစ် မာမာအေးပြန်လည်သီဆိုသည်။

(၄)အလင်္ကာကျော်စွာဆရာရွှေပြည်အေးရေးစပ်သည့် "နားပန်းဆံ" သီချင်းကို "ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်" ရုပ်ရှင်နောက်ခံတေးအဖြစ် လည်းကောင်း၊"မောတို့သံချို"တေးသီချင်းကို "မွှေး" ရုပ်ရှင်ဇာတ်ကား နောက်ခံတေးအဖြစ်၊ "ဖိုးဝ" သီချင်းကို "မေတ္တာရေလှိုင်း" ရုပ်ရှင်နောက်ခံတေးအဖြစ်၊ "သြော်မိန်းမ" သီချင်းကို "သြော်မိန်းမ"ရုပ်ရှင်နောက်ခံတေးအဖြစ် အမေသီဆိုခဲ့သည်။ ထို့ပြင် "ဂျာအေး" "လင်ဖုန်းမို" "ပန်းချယ်ရီ" "လမင်းထိန်ထိန်သာ" "ဧရာဝတီ"နှင့် ဂီတစာဆို ဟသ်ာတမြင့်ငွေ ရေးစပ်သော "နောင်အင်းလေးကို အလည်လာ" တေးများသည်လည်း အမေ၏ ထင်ပေါ်ကျော်ကြားသော တေးများဖြစ်သည်။

အမေ၏ အနုပညာသမိုင်းကြောင်းကို အသေးစိတ်ဆွဲဆန့်တင်ပြရလျှင် တစ်ထောင့်တစ်ညပုံပြင်ထက်ပင် ရှည်မည်ထင်သည်။ ယခုအခါ အမေ့ကို ကြည့်ရသည်မှာ စိတ်ချမ်းသာသည်။ အနုပညာနှင့်ပတ်သက်လာလျှင် ကျရာတာဝန်ကို ထမ်းဆောင်ရန် အသင့်ရှိနေသည့်အသွင်၊ အမေကဲ့သို့သော ထူးချွန်ပြောင်မြောက်သည့်စွယ်စုံရဝါရင့် သမ္မာရင့် အနုပညာရှင်များ သက်ရှင်ထင်ရှားရှိနေခြင်းသည် ရုပ်ရှင်နှင့် ဂီတအနုပညာလောကအတွက် အားဆေးတစ်လက်ပါ။ အမေအသက်ရာကျော်ရှည်ပါစေဟု ဆန္ဒပြုရင်း ဤဆောင်းပါးကို အဆုံးသတ်ပါရစေ။ ။

## ရုပ်မြင်သံကြားအစီအစဉ်များ

၆ - ၁၀ -၂၀၁၅ (အင်္ဂါနေ့)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၈း၀၀ Cartoon Series (Welcome To Sky Ville)
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၆)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ Monsoon Art Festival 2015 (ပန်းပင်လှည့်မြေဝိုင်းသဘင်)
၁၁း၁၀ သွားမယ်စားမယ် (Argima)
၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၂) (ဒုတိယပိုင်း)
၁၁း၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၅)
၁၂း၄၅ အန္တရာယ်ကြားမS TAXI သမား (အပိုင်း-၂)
၁း၀၀ "အာရုံကို အနိုင်ယူသည့်စိတ်" တရားတော်(ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၃)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၄)
၆း၁၀ Health Fix
၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၅)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၄)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၇)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၆)
၉း၃၅ အနုပညာမိုးကောင်းကင်
၁၀း၀၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၃၅ MRTV-4 Stage
၁၁း၀၀ World of Knowledge (Don't Tell My Mother Indonesia)
၁၁း၅၀ နှယဉ်ဆန်းထွင်ပန်းအလှဆင် (S ဒီဇိုင်းပုံစံပန်းအလှဆင်နည်း)
၄း၄၅ တန်းခိုးကြီးမား ဘုရားစေတီပုထိုးများ (သမိုင်းဝင်ကျောက္ကာရွှေဂူနီ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၆၁)
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရာရာထက်မင်း (အပိုင်း-၂၁)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- နေတံတိုင်းရဲ့တစ်ဖက်တစ်ချက် (အပိုင်း-၂၀)

### mitv

07:03 News
07:26 Insight Myanmar: Parenting and Child Development (Part-II)
07:49 A Day Tour On A Cart (Bagan Trip)
08:03 News
08:26 Myanmar Childhood Games (Episode-II)
08:34 The World's Largest Book
09:03 News
09:26 Life In Night ……..Art In Life (Ep-1)
10:03 News
10:26 A bike ride in pursuit of Mural Art (Episode-1)
10:45 Visiting A Serene Village In The Northwest of Myanmar
06:30 Live: AFC-U 19 Championship Qualifying Tournament for Bahrain 2016 (Group-G) (Myanmar Vs. Vietnam)
08:03 News
08:25 Let's Cook (EP-4) Hassle-free Bite-sized Club Sandwiches & Hot Fudge Brownies
08:51 Director: Maung Myo Min (Yin Twin Pyit)

# မက်ဆီနှင့် စီရိုနယ်လ်ဒိုသာလျှင် အဂူရိုထက်ပိုကောင်းဟု ပယ်လီဂရီနီ ယုံကြည်



လက်ရှိကစားနေသော ကစားသမားများထဲတွင် တိုက်စစ်မှူး အဂူရိုထက်ပိုကောင်းသော ကစားသမားဆို၍ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့သာရှိကြောင်း မန်စီးတီးနည်းပြပယ်လီဂရီနီက ချီးကျူးပြောကြားခဲ့သည်။ အဂူရိုသည် မန်စီးတီးက နယူးကာဆယ်အား ခြောက်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရသောပွဲစဉ်၌ မိနစ် ၂၀ အတွင်း တစ်ဦးတည်း ငါးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ပြီး ယင်းပွဲအနိုင်ကြောင့် မန်စီးတီးမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် အာဆင်နယ်ကို နှစ်မှတ်ဖြတ်၍ ဦးဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ပယ်လီဂရီနီက အဂူရိုမှာ ဆွာရက်ဇ်၊ နေမာတို့ထက် ပိုမိုပြီးပြည့်စုံသည့် တိုက်စစ်မှူးဖြစ်ပြီး မက်ဆီနှင့် စီရိုနယ်လ်ဒိုနှစ်ဦးပြီးလျှင် တတိယမြောက်အကောင်းဆုံးကစားသမားဖြစ်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။ထို့ပြင် ပယ်လီဂရီနီက မန်စီးတီးအနေဖြင့် ရီးယဲလ်နှင့် ဘာစီလိုနာတို့အား စိန်ခေါ်ကာ အဂူရိုအတွက် ချန်ပီယံလိဂ်ဖလားအား အရယူပေးရလိမ့်မည်ဖြစ်သည်ဟုလည်း တစ်ဆက်တည်းပင်ဆိုခဲ့သည်။

" ကျွန်တော်တို့ အဂူရိုအတွက် ချန်ပီယံလိဂ်ဖလားကိုရယူပေးနိုင်ဖို့ကြိုးပမ်းရမှာဖြစ်ပါတယ်။ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ဆိုရင် ဒီလိုပြိုင်ပွဲကြီးတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ခြေစွမ်းပြနိုင်ကြပါတယ်။ ဒါက မန်စီးတီးအတွက်အရေးကြီးသလို အဂူရိုအတွက်လည်း အရေးကြီးပါတယ်"ဟု ပယ်လီဂရီနီက ဆိုခဲ့သည်။

အဂူရိုသည် ယမန်နှစ်ကလည်း ပရီမီယာလိဂ်၌ သွင်းဂိုး ၂၆ ဂိုးသွင်းယူကာ ရွှေဖိနပ်ဆုဆွတ်ခူးထားသော ကစားသမားဖြစ်သည်။ [မေလဲ့သင်း]

# အဲဗာတန်အား တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းကြောင့်

# နည်းပြ ဘရန်ဒန်ရော့ဂျာအား လီဗာပူးအသင်းထုတ်ပယ်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် နည်းပြဘရန်ဒန်ရော့ဂျာကို လီဗာပူးအသင်းအား သုံးနှစ်ခွဲကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ ယင်းမှာ လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ ၁၁ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ လေးပွဲသာလျှင် နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

နည်းပြရော့ဂျာသည် ၁၉၅၀ ပြည့်နှစ်များမှစတင်ကာ သုံးနှစ်ကြာ တာဝန်ယူခဲ့သည့် နည်းပြများအနက် ဖလား မရယူနိုင်ခဲ့သည့် ပထမဆုံး နည်းပြလည်းဖြစ်သည်။ ၎င်း ကိုင်တွယ်ခဲ့သည့် သုံးနှစ်ခွဲကာလအတွင်း လီဗာပူးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၇)၊ အဆင့်(၂)နှင့် အဆင့်(၆)တို့ဖြင့်သာ အဆုံးသတ်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် နည်းပြဘရန်ဒန်ရော့ဂျာအား ဘန်တီကီ၊ ဒန်နီအင့်၊ ဖာမီနို၊ ကလိုင်းနှင့် ဂျိုးဂိုမက်ဇ်တို့အား ပေါင် သန်း ၈၀ ခန့် သုံးစွဲစေခဲ့သော်လည်း ခေါ်ယူခဲ့သည့် ကုန်ကျစရိတ်နှင့် ရရှိခဲ့သည့်ရလဒ်တို့မှာ အားရဖွယ်မဖြစ်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြလက်မဲ့ဖြစ်လာ



ခဲ့သည့် လီဗာပူးအသင်းက ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်း နည်းပြဟောင်း ဂျာဂန်ကလော့အား လီဗာပူးအသင်းနည်းပြအဖြစ် ခန့်အပ်သွားရန် ပထမဆုံးရွေးချယ်လာခဲ့သည်။ လီဗာပူးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ရည်ရွယ်ထားသည့်နည်းပြများမှာ ဒေါ့မွန်အသင်း နည်းပြဟောင်း ဂျာဂန်ကလော့၊ ရီးယဲလ်မက်ဒရစ်၊ ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီ နည်းပြဟောင်း အန်ဆယ်လော့တီ၊ အေဂျက်အသင်းနည်းပြ ဖရန့်ဒီဘိုး၊ အင်တာမီလန်အသင်း နည်းပြဟောင်း မက်ဇာရီနှင့် လက်ရှိ အမေရိကန်နိုင်ငံ လက်ရွေးစင်အသင်းကို ကိုင်တွယ်လျက်ရှိသည့် ကလင်းစမန်းတို့ဖြစ်သည်။

အန်ဆယ်လော့တီနှင့် ဖရန့်ဒီဘိုးတို့မှာ ပြီးခဲ့သည့်သီတင်းပတ်များအတွင်းကတည်းက လီဗာပူးအသင်း၏ ခေါ်ယူရန် ချိတ်ဆက်မှုများကို ခံခဲ့ရသူဖြစ်သည်။

သို့ရာတွင် လီဗာပူးအသင်း၏ နည်းပြသစ် ရာပုံတော်ဖွင့်မှုသည် မည်သည့်အချိန်တွင် အဆုံးသတ်သွားမလဲ၊ ၎င်းတို့ရည်ရွယ်ထားခဲ့သည့် နည်းပြများအနက် မည်သည့်နည်းပြကို အန်ဖီးလ်ကွင်းအရောက် ခေါ်ယူနိုင်မလဲ ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ [ငွေကြယ်]

# အာဆင်နယ်ကိုရှုံးနိမ့်မယ်လို့ မမျှော်လင့်ထားတဲ့ ဗန်ဟားလ်ေ နဲ့ ဖိအားအောက်က ခဏတာလွတ်မြောက်ခဲ့သူ အာစင်ဝင်းဂါး



မေလဲ့သင်း - ရေးသားသည်

မန်ယူနည်းပြ ဗန်ဟားလ်က သူ့အသင်းအနေနဲ့ အာဆင်နယ်ကို ဒီလိုဂိုးပြတ်ရှုံးနိမ့်လိမ့်မယ်လို့ မမျှော်လင့်ထားကြောင်းဆိုလိုက်ပါတယ်။ မန်ယူက အာဆင်နယ်ကွင်းမှာ သွားကစားရမှာဖြစ်ပေမယ့် အာဆင်နယ်ရဲ့ခြေစွမ်းအတက်အကျ ကြမ်းနေမှုကြောင့် မန်ယူအနေနဲ့ အနည်းဆုံးသရေရလဒ်တော့ရရှိအောင် ကစားနိုင်မယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ပွဲကြိုသုံးသပ်ပေးထားကြပါတယ်။

ဒါပေမယ့် တကယ်တမ်းကစားတဲ့အခါ မန်ယူအနေနဲ့ အာဆင်နယ်ကို အဘက်ဘက်က ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ သုံးဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်နဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ ယခုပွဲ မကစားခင်ကတည်းက မန်ယူကို အနိုင်ကစားပြီး ချန်ပီယံ ခြေစွမ်းရှိကြောင်း ပြသမယ်လို့ကြွေးကြော်ထားတဲ့အတိုင်း တကယ်ပဲစွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။

ဒီပွဲမှာ ဗန်ဟားလ်အနေနဲ့ နည်းဗျူဟာခင်းကျင်းမှုမှားယွင်းခဲ့ပြီး အာဆင်နယ်ကို နိုင်လိုဇောနဲ့ တောင်ပံတိုက်စစ်မှူး အက်ရှ်လေယန်းကို ဘယ်နောက်ခံလူအဖြစ် အသုံးပြုခဲ့သလို ဒါလေဘလိုင်းကိုလည်း ဗဟိုခံစစ်နေရာမှာ ကစားခိုင်းခဲ့တဲ့အတွက် အာဆင်နယ်ရဲ့ တိုးအားကောင်းတဲ့ မြန်နှုန်းမြင့် တိုက်စစ်ဆင်မှုကို မန်ယူနောက်တန်း မထိန်းနိုင်ဘဲ ၇၄ စက္ကန့်အတွင်းမှာ ဆန်းချက်ဇ်နဲ့ အိုဇေးလ်တို့ရဲ့သွင်းဂိုးတွေကို ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ ပွဲချိန် ၁၉ မိနစ်မှာတော့ ဆန်းချက်ဇ်ရဲ့ ၁၈ ကိုက်စည်းက သွင်းယူခဲ့တဲ့ တတိယဂိုးကြောင့် မန်ယူအသင်းက ပွဲကစားချိန် မိနစ် ၂၀ မပြည့်ခင်မှာဘဲ သုံးဂိုးပြတ်နဲ့ အရေးနိမ့်နေခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ကွင်းလယ်နေရာမှာ ကစားတဲ့ ရှဝိန်းစတိုင်ဂါနဲ့ မိုက်ကယ်ကာရစ်တို့ အတွဲအဖက်မမိတာ၊ နောက်တန်းက ဒါမီယန်နဲ့ ခရစ်စမောလင်းတို့ရဲ့ အထနေးမှုတွေကြောင့် ဆန်းချက်ဇ်သွင်းတဲ့ တတိယဂိုးက မလိုအပ်ဘဲ ပေးလိုက်ရတာဖြစ်ပါတယ်။ မန်ယူက ဒုတိယပိုင်းပြန်လည်စတင်ချိန်မှာတော့ ချေပဂိုးတွေရရှိဖို့ အကွက်ကျကျနဲ့တိုက်စစ်မြင့်ကစားခဲ့ပေမယ့်လည်း နည်းပြဝင်းဂါးက အိုဇေးလ်နေရာမှာ ချိန်ဘာလိန်၊ ဝဲလ်ကော့နေရာမှာ ဂီရော့ဒ်နဲ့ ဆန်းချက်နေရာမှာ ကီရန်ဂစ်တို့ကို ထည့်သွင်းကစားပြီး အနိုင်ရလဒ်ကို ထိန်းကစားခဲ့တာကြောင့် ယခုလို အောင်ပွဲရခဲ့တာပဲဖြစ်ပါတယ်။

ဗန်ဟားလ်ကတော့ သူ့ကစားသမားတွေပင်ပန်းနေလို့ ချန်ပီယံလိဂ်ကစားပြီး ကြားရက်မှာ အနားယူခိုင်းခဲ့ပေမယ့် ပွဲမကစားခင် (စနေနေ့)မှာတော့ ပုံမှန်လေ့ကျင့်ရေး အစီအစဉ်အတိုင်းပဲ ပြုလုပ်စေခဲ့တယ်လို့ ဆိုခဲ့ပါတယ်။

အာဆင်နယ်ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာ ကတော့ အာဆင်နယ် ကစားသမားတွေ အနေနဲ့ ချန်ပီယံလိဂ်က အရှုံးကို ချေဖျက်ပြဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုပြုလုပ်နိုင်လို့ ယခုလိုမန်ယူကို ဂိုးပြတ်အနိုင်ရခဲ့တာလို့ ဆိုလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဆင်နယ်ရဲ့ မန်ယူအပေါ် အနိုင်ရရှိခဲ့ခြင်းက ဖိအားအောက်ရောက်နေတဲ့ နည်းပြဝင်းဂါးကို ခဏတာလွတ်မြောက်ခွင့်ပေးလိုက်နိုင်တဲ့ အောင်ပွဲပဲဖြစ်ခဲ့ပါတယ်။

# မြန်မာ့လက်ရွေးစင်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

သတင်း- ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- ဖိုးသော်ဇင်



ရန်ကုန် အောက်တိုဘာ ၅

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲများအဖြစ် အောက်တိုဘာ (၈၊ ၁၃)ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံတွင်ကြိုတင်သွားရောက်ကာ လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ကွင်းပိတ်ခံထားရသောကြောင့် အိမ်ကွင်းပွဲစဉ်များကို ထိုင်းနိုင်ငံတွင် ကစားနေရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၁၃ ရက်တွင် လာအိုအသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုခြေစစ်ပွဲများအတွက် ကစားသမား ၂၄ ဦး ရွေးချယ်ခဲ့သော်လည်း စည်သူအောင် (ရတနာပုံ)မှာ ရောက်ရှိလာခြင်းမရှိ၍ အသင်းနှင့်အတူ လိုက်ပါသွားခြင်းမရှိဘဲ မူလရွေးချယ်ထားသည့် ဖြိုးကိုကိုသိန်းနေရာတွင်လည်း အောင်ဇော်(ဟံသာဝတီ)ကို အစားထိုးရွေးချယ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်နှင့် ဗိုးမြတ်မင်း၊ဂိုးနည်းပြအဖြစ်ဦးအောင်သက်၊ကြံ့ခိုင်ရေးနည်းပြအဖြစ် မစ္စတာလူကာ၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- ကျော်ဇင်ဖြိုး(မကွေး)၊ မျိုးမင်းလတ်(ကမ္ဘောဇ)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ နောက်တန်း ခင်မောင်လွင်၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း (ရန်ကုန်)၊ ဇော်လင်း (ကမ္ဘောဇ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ နန္ဒာကျော်၊ ကျော်ဇင်လွင် (မကွေး)၊အလယ်တန်း ဆောင်လမန်(ချင်း)၊ ရန်အောင်ကျော်၊ ကြည်လင်း (ရန်ကုန်)၊ ကျော်မင်းဦး၊ သီဟဇော်(ဧရာဝတီ)၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ရှိုင်းသူရ (ရတနာပုံ)၊ ရှေ့တန်း ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ(ရတနာပုံ)နှင့် မောင်မောင်လွင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။

# ချယ်လ်ဆီးကစားသမား ကွာဒရာဒိုအား ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူရန် ဂျူဗင်တပ် ဆန္ဒရှိနေ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ကွာဒရာဒိုအား ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ (ပေါင် ၁၄ ဒသမ ၈ သန်း) ဖြင့် ခေါ်ယူစာချုပ်သွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ကိုလံဘီယာကြယ်ပွင့် ကွာဒရာဒိုသည် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်မပိတ်သိမ်းမီကာလအတွင်းက အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသို့ တစ်ရာသီကြာအငှားစာချုပ်ဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။ ချယ်လ်ဆီးတောင်ပံကစားသမား ကွာဒရာဒိုသည် ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၁၅ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် တစ်ဂိုးဖန်တီးပေးနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းသို့ အငှားချခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် တောင်ပံကစားသမားကွာဒရာဒိုသည် ဂျူဗင်တပ်အသင်း၌ ပျော်ရွှင်မှုရရှိနေပြီး ဖြစ်နိုင်ပါက ဂျူဗင်တပ်အသင်းတွင်သာ ဆက်ကစားရန် ဆန္ဒရှိနေသည်ဟုဆိုသည်။ ထို့ပြင် ဂျူဗင်တပ်အသင်းကလည်း အသင်းအတွက် အသုံးတည့်နေသည့် တောင်ပံကစားသမား ကွာဒရာဒိုအား ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိသည်။ ချယ်လ်ဆီးအသင်းကမူ ကွာဒရာဒိုအား ဖီအိုရင်တီးနားအသင်းမှခေါ်ယူခဲ့စဉ်က ယူရို ၃၃ ဒသမ ၃ သန်းပေးခဲ့ရခြင်းကြောင့် ယူရို ၂၅ သန်းရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ [ငွေကြယ်]




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ဗုဒ္ဓဘာသာအနှစ်သာရပေါင်းချုပ်

နှစ်ဖက်လှဦးကျော်လွင်ရေးသားပြုစုသည့် ဗုဒ္ဓဘာသာအနှစ်သာရပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် ဓမ္မစေတီထိုက်သော တရားစာများ ပါဝင်သည့် ပဋိကတ်တော်လာ ဘုရားဟောအကြောင်း အရာ တရားဓမ္မတို့ပါဝင်သည်။ ဥဒ္ဒိသစေတီ၊ ဓာတုစေတီ၊ ပရိဘောဂစေတီတို့နည်းတူ ဓမ္မစေတီတို့ကိုလည်း အမြတ်တနိုးနှင့် ကြည်ညိုကော်ရော်ပြုနိုင်ရန်အတွက် မှတ်သားဖွယ်ရာ ဓမ္မအနှစ်သာရများကို ဤစာအုပ်တွင် ကျမ်းတစ်ဆူသဖွယ်ပြည့်စုံစွာ တင်ပြထားသည်။ ဗုဒ္ဓဘာသာ၏ အခြေခံသိသင့်မှတ်သားသင့်သော အချက်များကိုလည်း အများနားလည်အောင် ပြည့်စုံစွာ ပါဝင်သည်။ စာအုပ်တွင် အပိုင်း ၆ ပိုင်း အခန်း(၁၆)ခန်း ပါဝင်ပြီး ဗုဒ္ဓဘာသာဝင် အခြေခံမှ အလယ်အလတ် ရဟန်းသံဃာနှင့် အရိယာသူတော်ဝင် ပုဂ္ဂိုလ်ဖြစ်သည် အထိ သရှိသင့်သော အချက်များကို မြန်မာစကားပြေ၊ ပါဠိဘာသာတို့နှင့် ပြည့်စုံအောင် တင်ပြထားသည်။

စာအုပ်ကို စာနဒီစာအုပ်တိုက်၊ အမှတ် ၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိထားသည်။



## ပတ်ဝန်းကျင်က ပေးသောအသိတရား

ပန်းဒကာကိုတင်မြင့် ရေးသားပြုစုသည့် "ပတ်ဝန်းကျင်ကပေးသော အသိတရား" အသိအမြင်ဗဟုသုတ ပေး စာထွက်ရှိလာသည်။

ထိုစာအုပ်သည် မှတ်စုသဖွယ် ထုတ်နုတ်ထားသည့် စာအုပ်အသွင်မဟုတ်ဘဲ အသိအမြင်ကြွယ်ဝသောအဘိုးက မျိုးဆက်သစ်မြေးငယ်များအား အတွေ့အကြုံများ၊ အခက်အခဲ ကျော်လွှားပုံများ ထားရှိရမည့်စိတ်ထားများကို ပြောကြားသကဲ့သို့ရေးသားထားသည်။ စာဖတ်သူတို့ သေချာစွာ မသိသေးသည့် လောကထဲမှ ဆရာများ၊ တိရစ္ဆာန်စရိုက်၊ လူနှင့်ဆက်ဆံရေး၊ ပလူနှင့်တူသောလူ၊ပတ်ဝန်းကျင်နှင့်လူတောသား၊ ဘုရားရဟန္တာများနှင့်ပတ်ဝန်းကျင်၊ သူတော်ကောင်းနှင့် စပ်ဟပ်သော ကဏ္ဍစသည့် ဗဟုသုတများကို ဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို ပန်းဒကာစာပေတိုက် အမှတ် ၂၅၁၊ နယ်မြေ(၇) မေတ္တာလမ်း ရန်ကြီးအောင်ရပ်ကွက် မြစ်ကြီးနားမြို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။



## သာသနာပြုမဟိဒ္ဓိသိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ (ဒုတိယတွဲ)

ကျော်စံလင်းပူဇော်သော သာသနာပြုမဟိဒ္ဓိသိဒ္ဓိပုဂ္ဂိုလ်ထူးကြီးများ (ဒုတိယတွဲ)စာအုပ်ထွက်ရှိလာသည်။ မြန်မာပြည်အရပ်ရပ်ဒေသများတွင် ရှိကြသော မဟိဒ္ဓိသိဒ္ဓိပုဂ္ဂိုလ်ထူးကြီးများ (၁၉)ပါးအကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြထားပါသည်။ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ပူဇော်သောအားဖြင့် ဤစာအုပ်ကို ထုတ်ဝေထားရခြင်းဖြစ်ပါတယ်။ ပထမကလေးဝဆရာတော်၊ စစ်ကွင်းဆရာတော်၊ ပုပ္ပါးဆရာတော်ဦးဂျော်နီ၊ အထုပ်တစ်ရာဆရာတော်၊ ရွှေဗျိုင်းနားဆရာတော်၊ ရှင်ဥတ္တမကျော်၊ အဘိုးငယ်၊ စက္ကူပါလရသေ့ကြီး၊ ဘိုးတော်ပွင့်၊ ဘိုးကျား(ခေါ်)ဘိုးသီဟ၊ ဘရသေ့ဦးသံသိပ္ပ၊ ဘိုးဇာဂရ၊ သာသနာပြုပုဂ္ဂိုလ်ဘဘဦးအစရှိသော သာသနာပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ သူတို့ဘဝဖြစ်စဉ်နှင့် ကျင့်စဉ်များကို ထူးခြားအံ့ဩဖွယ် ရေးသားထားပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားပါသည်။



## ပြန်လည်ရင်ကြားစေ့ရေးနှင့် ဖောက်ထွက်ခြင်းမဟာဗျူဟာ

မင်းဗထူးရေးသားပြုစုသည့် ပြန်လည်ရင်ကြားစေ့ရေးနှင့် ဖောက်ထွက်ခြင်းမဟာဗျူဟာ စာအုပ်ထွက်ရှိ လာသည်။

ဒီမိုကရေစီစနစ်သို့ တက်လှမ်းရန် ကြိုးပမ်းနေသည့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းစဉ်ကာလ၌ နယ်ပယ်ကဏ္ဍအသီးသီးတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့ရတတ်သည်။ ထိုအခါ အများပြည်သူအတွက် အကျိုးရှိစေမည့် နည်းစနစ်ကောင်းများ လိုအပ်သည်။ ဦးဆောင်သူနှင့်တကွ ပြည်သူအားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းညွှန်ချက်များလည်း လိုအပ်သည်။ ထိုစာအုပ်တွင် အဆိုပါလိုအပ်ချက်များအတွက် နည်းစနစ်များ၊ လမ်းညွှန်ချက်များ ပါဝင်သည်။ ခွင့်လွှတ်ဖို့ဘာတွေလိုအပ်မလဲ၊ ဘာကြောင့် တောင်းပန်သင့်သလဲ၊ ခွင့်မလွှတ်နိုင်ခဲ့သော်၊ ဘာ့ကြောင့် ပြန်လည်ရင်ကြားစေ့ရေးလဲ၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အသွင်ကူးပြောင်းရေး ကာလတရားမျှတမှု၊ အတိတ်ကို တာဝန်ခံမှုရှိကြသလား။ အစွန်းမရောက်ဖို့ဘာကြောင့် အရေးကြီးသလဲ၊ ခုခံကာကွယ်ခြင်းမဟာဗျူဟာမှ ဖောက်ထွက်ခြင်း မဟာဗျူဟာသို့ စသည့်အကြောင်းအချက်များပါဝင်သည်။

အဆိုပါ စာအုပ်ကို ရန်ကုန်မြို့၊ တူဒေးစာအုပ်တိုက်က သုတစာစဉ်အမှတ်(၂၄)အဖြစ် ထုတ်ဝေထားသည်။




တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

# သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော ကြို့ပင်–ရွာသစ်ကြီး ကျေးလက်လမ်းအား ဂျင်းမြေများခင်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

**စဉ့်ကူး အောက်တိုဘာ ၅**

စဉ့်ကူးမြို့နယ်အတွင်း မိုးတွင်းကာလက ရေကြီးရေလျှံမှုတို့ကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများဖြစ်ပေါ်ခဲ့ရာ ကြို့ပင်-ရွာသစ်ကြီးကျေးလက် ကုန်ထုတ်လမ်းလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

အရှည်ပေ ၄၅၀၀ရှိ ကြို့ပင်-ရွာသစ်ကြီးကျေးလက်လမ်းအား ပြန်လည်ပြုပြင်ရန်အတွက် လုပ်ကိုင်ခွင့်ရရှိခဲ့သော မိဘအိမ်ကုမ္ပဏီမှ ဂျင်းမြေများခင်းကျင်းနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဂျင်းမြေစုဆောင်းထားရှိမှုတို့အား အောက် တိုဘာ ၁ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇော (ဦးစီးအရာရှိ-နည်းပညာ) နှင့်အဖွဲ့တို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ဝင်းမောင်)**

မွေးနေ့ဆုမွန်လွှာ

Kyaw Thar Engineering & Construction Group Co., Ltd. ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ International Project ကြီးများနှင့် Government Project ကြီးများအား အောင်မြင်ပြီးစီးစေရန် အချိန်နှင့်အမျှ ဦးဆောင်မှုပေးပြီး ဝန်ထမ်းများအား သားသမီးရင်းချာကဲ့သို့ မေတ္တာ၊ စေတနာအပြည့်ဖြင့် စီမံအုပ်ချုပ်နေသော M.D ဦးမောင်အေး၏ မွေးနေ့ ရက်မြတ် မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာ၊ ရွှင်လန်းစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက် ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**KTECG** ဝန်ထမ်းမိသားစုများ

မွေးနေ့ဆုမွန်လွှာ

Kyi Tha အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) မင်းဘူးဆိုင်ခွဲနှင့် Kyi Tha အမိုးပြားစက်ရုံတို့အား အောင်မြင်သောလုပ်ငန်း များအဖြစ် ရပ်တည်နိုင်ရန်အတွက် ဦးဆောင်မှုပေးပြီး ဝန်ထမ်းများအားလည်း သားသမီးရင်းချာကဲ့သို့ မေတ္တာ၊ စေတနာအပြည့်ဖြင့် စီမံအုပ်ချုပ်နေသော M.D ဦးမောင်အေး၏ မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာ တိုင်အောင် ကျန်းမာ၊ ရွှင်လန်းစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**Kyi Tha** အမိုးပြားစက်ရုံနှင့် အရောင်းဆိုင်ဝန်ထမ်း မိသားစုများ



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ကျွန်တော့်အကြောင်း ဘာပြောနေကြတာလဲ"

"ကျွန်မတို့က ပြောတာ မဟုတ်ပါဘူး၊ နွယ်ကပါ. . ရှင်နဲ့ နွယ်နဲ့ငယ်ငယ်က ပင်းချောင်းမှာ သွားသွားဒန်းစီးတဲ့ အကြောင်းတွေလေ"

သက်ခိုင်က မလေးနွယ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားလမ်းပြောင်းရန် မေး၏။

"ဒါထက် စောစောက မလှသူတို့က ကျွန်တော့်ကို မေးစရာတွေရှိလို့ဆို"

မလှသူက "ဟုတ်ပါရဲ့"ဟု ဆိုကာ စတင်မေးသဖြင့် ကျန်နှစ်ယောက်ကပါ ဝိုင်းမေးတော့၏။

သူတို့ ဘယ်က ကြားရသည်မသိ။ သတင်းပေါင်းက စုံနေ၏။ ဟုတ်သည်တို့လည်းပါ၏။ မဟုတ်သည်တို့သည်လည်း ပါသည်။

အင်းစိန်မှ ကေအင်ဒီအိုတို့သည် ကမာရွတ်ကိုပင် ဝင်စီးမိနေပြီလိုလို၊ အင်းယားကန် တစ်ဖက်ကမ်း၌ပင် တိုက်ပွဲဖြစ်နေသည်လိုလို၊ တက္ကသိုလ်နယ်မြေကို တပ်မတော်က တပ်စွဲထားသလိုလို၊ ရှေ့တန်းထွက်တိုက်သော ကျောင်းသားများ အနက် မည်သူမည်ဝါ ကျဆုံးသွားပြီလိုလို. . ။

သက်ခိုင်က ရယ်မောပြီး မေး၏။

"ဒီသတင်းတွေ ဘယ်က ရလဲ"

ဒိုရာသင်းက ဖြေ၏။

"ဒီလိုပဲ တယ်လီဖုန်းနဲ့ တစ်နေ့လုံး ဟိုသူငယ်ချင်းအိမ် ဆက်မေး၊ ဒီသူငယ်ချင်းအိမ် ဆက်မေးနဲ့ သိရတာ"

ဒိုရာတို့ မေးတာ တစ်ခုမှ မဟုတ်ပါဘူး၊ မင်္ဂလာဒုံအထိ ပြည်လမ်းကြီးက ပွင့်နေပါသေးတယ်၊ ကေအင်ဒီအိုတွေလည်း အင်းစိန်မြို့ပြင် အစွန်းအနားကလွဲပြီး ရန်ကုန်ဘက် ကျွံမလာနိုင်ပါဘူး၊ တက္ကသိုလ်နယ်မြေမှာလည်း အပျော်တမ်းတပ်ဖွဲ့ဖို့ ကြိုးစားနေဆဲပါပဲ"

"နို့. . . ထွက်တိုက်တဲ့ ကျောင်းသားတွေကကော"

"ဟုတ်တယ်. . . တချို့ကျောင်းသားတွေ တားမရဘဲ ထွက်တိုက်နေကြတယ်၊ အခုထိတော့ အကျအဆုံး တစ်ယောက်မှ မရှိသေးပါဘူး"

မိန်းမလေး သုံးဦးသည် ထိုအခါကျမှ စိတ်အေးသွားဟန် သက်ပြင်းပြိုင်တူချကြ၏။

မလေးနွယ်က တစ်စုံတစ်ရာကို ဆက်တွေးနေပြီးနောက် မေး၏။

"မောင်တို့ ပျော်တမ်းတပ်ဖွဲ့ဖြစ်ရင် ဘာလုပ်ကြမလို့လဲ"

"ဒါကတော့ တိုင်းပြည်အခြေအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ အောင်ရေးပေါ်မှာ တည်တာပဲ၊ အခြေအနေမဆိုးရင်တော့ လက်လွန်ခြေလွန်ဖြစ်မယ့် ကျောင်းသားသူငယ်တွေကို စည်းကမ်းတကျ စုစည်းစောင့်ရှောက်ထားတဲ့ အနေမှာ ရှိမယ်၊ ဆိုးလာရင်တော့ အရန်တပ်အနေနဲ့ လူကြီးတွေ တာဝန်ပေးသမျှ ထမ်းဆောင်ကြရမှာပဲ၊ အခြေအနေဟာ ခုထက် ဆိုးလာမလား၊ မဆိုးလာဘူးလား ဆိုတာကို ဘယ်သူမှ အခု မပြောနိုင်ဘူး"

"အင်းလေ. . . ဘာပဲဖြစ်ဖြစ် တာဝန်ကျရာကို မောင်တို့ထွက်ရမယ်မဟုတ်လား၊ အခု မောင် မမနွယ်ကို လာနှုတ်ဆက်တာလား"

သက်ခိုင်က မဖြေဘဲ ငြိမ်နေ၏။

"လာ. . မောင်၊ အိမ်ထဲဝင်ပြီး ပီယာနို တီးကြရအောင်၊ မောင်နဲ့ မမနွယ်နောက်ထပ်မတွေ့ဘဲ ဘယ်လောက်ကြာကြာ နေကြရဦးမလဲမှ မသိဘဲ"

သက်ခိုင်က ငြင်းမည်ကြံသေး၏။ မလှသူတို့ကလည်း ဝိုင်းထောက်ခံသည်။ တစ်ဖန် စဉ်းစားတော့လည်း မလေးနွယ် ပြောသည်မှာ မှန်နေ၏။

မောင်နှင့် မမနွယ် နောက်ထပ်မတွေ့ဘဲ ဘယ်လောက်ကြာကြာနေရဦးမည်နည်းမသိ။ တစ်သက်တာ ပြန်မတွေ့ရသည့် ဘဝကိုပင်ရောက်ချင်ရောက်လိမ့်မည်။

အိမ်တွင်းဝင်၍ တီးမှုတ်သီဆိုကြသည်။ ပထမတွင် မလှသူတို့ နားထောင်ချင်ကြသည့် ကာလပေါ် သီချင်းများ တီးမှုတ်သီဆိုကြ၏။

အဆုံး၌မူ မလေးနွယ်၏ အသည်းစွဲ မိုးနတ်ဒေဝီ ဘောလယ်ကိုသာ သက်ခိုင်ဆိုတီးပြရမိ၏။

သီချင်းအဆုံး၌ မိမိ၏ဘေးတွင် တစ်စုံတစ်ယောက် လာရပ်နေသည်ကို သက်ခိုင် သတိပြုရ၏။

သက်ခိုက်သည် ခြေဖျားမှစကာ တဖြည်းဖြည်းမော့ကြည့်သွား၏။

ဝါဝင်းသော အသားအရေ၊ ပြည့်တင်းခံ့ညားသော ကိုယ်ထည်၊ ချောမောသော်လည်း မာန်မာနရှိန် ပြင်းသည့် မျက်နှာထားနှင့် ရပ်နေသော အသက် ၆၀ ခန့်ရှိ မိန်းမကြီးမှာ မလေးနွယ်၏ မိခင်မူ မဟုတ်။

ဒေါ်ကြီးခက်ခက် (ဝါ) ဒေါ်မြခက်၊ သက်သက်နှင့် ဦးထင်ကျော်တို့၏ မမကြီး၊ မလေးနွယ်နှင့်သက်ခိုင်တို့၏ ဒေါ်ကြီး. . အပျိုကြီးမမ. . ။

ဒေါ်မြခက်သည် သက်ခိုင်ကို စေ့စေ့ စိန်းစိန်းကြည့်သည်။ ကြည့်နေစဉ်လည်း တစ်စုံတစ်ရာကို အမှတ်ရသည့်ဟန် မျက်နှာထားသည် မသိမသာတင်းတက်လာ၏။

"သူဘယ်သူလဲ. . . မိလေးနွယ်"

မလေးနွယ်သည် ဒေါ်မြခက်ကို တစ်လှည့်၊ သက်ခိုင်ကို တစ်လှည့်ကြည့်သည်။ တုန်လှုပ်သည် မဟုတ်သော်လည်း စကားရုတ်တရက် ရှာမရဟန်တွေနေ၏။

"သက်ခိုင်ကမူ ဒေါ်မြခက်၏ မျက်လုံးများကို စူးစိုက်ပြန်ကြည့်ပြီး တည်ငြိမ်စွာ ဖြေ၏။

"ကျွန်တော့်နာမည် သက်ခိုင်ပါ၊ မေမေသက်သက်ရဲ့ သား သက်ခိုင်ရယ်ပါ"

အဘွားကြီး၏ မျက်လုံးများက ပြူးသွားသည်။ ကိုယ်မှာလည်း တစ္ဆေသရဲနှင့် ရင်ဆိုင်မိသည်အလား တုန်လှုပ်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်သွား၏။

ခဏမှာပင် မျက်နှာက ခက်ထန်သွားပြီး မျက်လုံးများက မီးဝင်းဝင်းတောက်လာ၏။

"မိသက်သား. . . သက်ခိုင်. . ဟုတ်လား. . မင်းက ဒီအိမ်ကိုဘာလို့လာရသလဲ"

သက်ခိုင်က တည်ငြိမ်စွာ ဆက်ဖြေ၏။

"ကျွန်တော် ဒီအိမ်ကို လာဖို့ အခွင့်အရေးအပြည့် ရှိပါတယ် ဒေါ်ကြီးခက်ခက်"

"ဘာ. . . ဘယ်လိုခေါ်လိုက်တယ်၊ မင်းက ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဒေါ်ကြီးခက်ခက်ကို. . . ဒေါ်ကြီးခက်ခက်လို့ပဲ ကျွန်တော် ခေါ်ပါတယ်"

အဘွားကြီးမှာ ပိုဒေါသထွက်သွား၏။

"ငါ့ကို မင်း ဒေါ်ကြီးလို့ မခေါ်ပါနဲ့၊ မင်းနဲ့ ငါ ဘာမှမတော်ဘူး"

"ဒေါ်ကြီး မတော်ချင်ရင် ရပါတယ်၊ ဒါပေမယ့် ဦးကြီးကတော့ တော်ထားတယ်၊ ကျွန်တော့်ဦးကြီးအိမ်ကို ကျွန်တော် လာခွင့်ရှိနေတယ်"

ဒေါ်မြခက်သည် ဒေါသထွက်လွန်း၍ သက်ခိုင်ကို ဘာပြန်ပြောရမှန်း မသိ၊ မလေးနွယ်ဘက်သို့သာလှည့်၏။

"နင်ကကော. . သူ့ကို လက်ခံတယ်. . ဟုတ်လား မိလေးနွယ်"

မလေးနွယ်ကလည်း သက်ခိုင်နည်းတူပင် အေးချမ်းတည်ငြိမ်စွာနှင့် ဖြေ၏။

"မောင်ဟာ. . . နွယ့်မောင် တစ်ဝမ်းတည်း ကွဲပါသေးတယ် အန်တီ"

"ဘာ. . ဘာပြောတယ်"

"အန်တီ့မှာ မောင်အရင်း နှစ်ယောက်တောင် ရှိတယ်၊ နွယ့်မှာ မောင်ဝမ်းကွဲ တစ်ယောက်တည်းပဲရှိတယ်၊ ပြီးတော့ ဖေဖေကလည်း နွယ့်ကိုခွင့်ပြုထားတယ်"

မလေးနွယ်၏ စကားကြောင့် အဘွားကြီး ဆွေ့ဆွေ့ခုန်သွား၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

STI MYANMAR UNIVERSITY
University of Bedfordshire

STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။

Faculty of Health Science NEW!
1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health
သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။
• Royal Society for Public Health (RSPH) UK
• Association for Nutrition (AfN) UK

Faculty of Education & Linguistics
Master of Education in Leadership and Management

ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်
• တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
• IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
• ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့်ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
• ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်
• ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။
အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

Faculty of Business
1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration
သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။
• Chartered Institute of Marketing UK (CIM)
• The Association of International Accountants UK (AIA)
• The Association of Chartered Certified Accountants UK (ACCA)

Faculty of Engineering
1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)
သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။
• Chartered Institute of Building UK (CIOB)
• Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန် Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni www.stiedu.net

# ရေမျောပျက်စီးအိမ်များအစား နေအိမ်အသစ်များ ဆောက်လုပ်ပေးမှု အလုံး ၅၀ ပြီးစီး



**ကလေး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီး ရေလျှံမှုဖြစ်ပွားကာ လူနေအိမ်ခြေပေါင်း ၃၅၈ လုံး ရေမျောပျက်စီးခဲ့ရာ ဒေသခံများ၏ အဆိုအရ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အကြီးမားဆုံးသော ရေလျှံမှုနှင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်းလည်း သိရသည်။

ပျက်စီးဆုံးရှုံးမှု ကြီးမားသော်လည်း ရေဘေးသင့်ပြည်သူများအား မူလအနေအထားထက် ကောင်းမွန်အောင် နေထိုင်နိုင်ရေးအတွက် ရေမျောပျက်စီးသော လူနေအိမ်များအစား ပိုမိုကောင်းမွန်သော အိုးသစ်အိမ်သစ်များကို နိုင်ငံတော်က အောက်တိုဘာ ၂ ရက်အထိ ဆောက်လုပ်ပြီးစီးသော အိမ် ၅၀ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ ဆောက်လုပ်ဆဲအိမ် ၇၂ လုံး၊ ဆောက် လုပ်ရန်ကျန် အိမ် ၂၃၆ လုံးရှိနေသေးကြောင်း သိရသည်။

**ဝုန်လုံး(မြန်ဆက်)**

# သွေးတိုးရောဂါကာကွယ်ရေးပညာပေးဟောပြော အခမဲ့ကျန်းမာရေးစစ်ဆေး

**မန္တလေး အောက်တိုဘာ ၅**

သွေးတိုးရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃ ရက်မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၄) လမ်းနှင့်(၂၇) လမ်းထောင့်ရှိ Oriental House ခန်းမတွင် ကျင်းပရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ၊ ကျန်းမာရေး စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုသမှုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်က အသက် ၄၀ အထက် လူများတွင် အဖြစ်များသော သွေးတိုးရောဂါဖြစ်ပွားမှု၊ သွေးတိုးရောဂါနှင့် အစားအသောက်နေထိုင်မှုပုံစံ၊ သွေးအတွင်း အဆီဓာတ်ကိုလက်စထရော လျော့နည်းစေရေး နေ့စဉ်ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း မိနစ် ၃၀ ခန့် လုပ်ခြင်းဖြင့် ရောဂါကာကွယ်နိုင်ပုံ၊ သွေးတိုးရောဂါမှတစ်ဆင့် နှလုံး၊ ဆီးချိုရောဂါနှင့် နောက်ဆက်တွဲဖြစ်ပွားမှုများ ကာကွယ်နိုင်ရေး ပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ဇီဇဝါဆေးပစ္စည်းကုမ္ပဏီက Micro life အဆင့်မြင့်သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် သွေးပေါင်ချိန်ပေးခြင်း၊ Caresens သွေးချိုတိုင်းကိရိယာဖြင့် ဆီးချိုရောဂါ အခမဲ့ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# ဝမ်းတွင်းမြို့နယ်တွင် နေ့စားလပေး အ-မ-က ဆရာ ဆရာမများ ခန့်ထားရေးစာမေးပွဲဖြေဆို

**ဝမ်းတွင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ခေါ်ယူထားသော နေ့စားလပေး အခြေခံပညာမူလတန်း ဆရာ ဆရာမများ ခန့်ထားရေးစာမေးပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက သဲတော-ဝမ်းတွင်း အ-ထ-ကတွင် ကျင်းပခဲ့ကြောင်း သိရသည်။

စာမေးပွဲဖြေဆိုနေမှုကို ခရိုင်ပညာရေးမှူးရုံးမှကြီးကြပ် သုံးဦး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် ဆရာ ဆရာမများက ကြီးကြပ်ခဲ့ပြီး လျှောက်ထားသူ ၄၂၁ ဦး၊ ဖြေဆိုသူ ၃၇၉ ဦး၊ ပျက်ကွက် ၄၂ ဦး ရှိကြောင်း သိရသည်။

နေ့စားလပေး ဆရာ ဆရာမ ခန့်ထားရေးကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ ခန့်ထားခဲ့ရာတွင် ဝမ်းတွင်းမြို့နယ်၌ ဖြေဆိုသူ ၆၉၄ ဦး ရှိရာတွင် အောင်မြင်သူ ၃၈ ဦးအားလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဖြေဆိုသူ ၆၈၆ ဦးရှိရာတွင် အောင်မြင်သူ ၈၄ ဦးတို့အားလည်းကောင်း ခန့်ထားတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည်။

နေ့စားလပေးခန့်ထားသူများနှင့်ပတ်သက်၍ လုပ်သက်တစ်နှစ်ရှိသောအခါတွင် မြို့နယ်အခြေပြုမူလတန်းဆရာပညာ သင်တန်းတစ်လ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးကြောင်း သိရသည်။

**ဌေးလှိုင်(မြန်/ဆက်)**

## ဖတ်စရာ

# အမှတ်တရဖြစ်စေသော ရှေးခေတ် သေနတ်ကိုင်တပ်ဖွဲ့များ နေရာချထားရာ ထားဝယ်ဆောင်

မန္တလေးနန်းမြို့အတွင်း မြနန်းစံကျော်ရွှေနန်းတော်သို့ လာရောက်လေ့လာသူများကို ခေတ္တယာယီ မင်းညီ၊ မင်းသားများ ဖြစ်သွားစေသော အမှတ်တရဖြစ်စေသည့် အဆောင်ရှိသည်။ ထိုအဆောင်မှာ ထားဝယ်ဆောင်ပင် ဖြစ်သည်။ နန်းတော်အတွင်းဝင်လိုက်သည်နှင့် နန်းဝတ်နန်းစားများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးမှုကိုကြည့်ကာ ရှေးခေတ်ကိုပြန်လည်ရောက်သွားသည့်အလား ဖြစ်စေသည်။ နန်းဝတ်နန်းစားနှင့် မြင်ကွင်းကို နိုင်ငံတကာ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

အမှတ်တရဖြစ်စေသော ထားဝယ်ဆောင်ဟု ခေါ်ရသည့် အကြောင်းမှာ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်လက်ထက်တော်အခါက ထားဝယ်မြို့စား သေနတ်ကိုင်အစုက အမှုထမ်းများကို နေရာချထားရာ အဆောင်ဖြစ်သည့်အတွက် နေရာဒေသကို အစွဲပြုကာ ထားဝယ်ဆောင်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်းသိရသည်။ နောက်နောင်မင်းများ လက်ထက်အထိ ထားဝယ်မြို့ ဇာတိမဟုတ်သူများ သေနတ်အစုတွင် အမှုထမ်းသည့်တိုင် ယခင်အတိုင်း ထားဝယ်ဆောင်ဟုပင် ခေါ်တွင်ခဲ့သည်။

ထားဝယ်ဆောင်သည် ရှေးယခင်က ဘုရင်မင်းမြတ်လုံခြုံရေးအတွက် သေနတ်ကိုင်၍ နေ့ညမပြတ် လှည့်လည်စောင့်ရှောက်ရသောအနီးကပ်လုံခြုံရေးတပ်ဖွဲ့ ထမ်းရွက်ခစားရသည့် လုံခြုံရေးများ၏ အဆောင်ပင်ဖြစ်သည်။ လက်ရှိကာလတွင် နန်းမြို့အတွင်းလာရောက် လေ့လာသောပြည်တွင်းဧည့်သည်များကို ယာယီ မင်းညီ၊ မင်းသား ဖြစ်စေသော အဆောင်ဟုပင်ဆိုနိုင်သည်။

ထားဝယ်ဆောင်တွင် နန်းဝတ်နန်းစားများကို တစ်စုံလျှင်ငွေကျပ်၁၀၀၀ နှုန်းဖြင့် ငှားရမ်းဝတ်ဆင်ကာ နန်းမြို့အတွင်း ရောက်တုန်းရောက်ခိုက် ရှေးခေတ်ပုံစံအတိုင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ ရွှေရောင်ဝင်းနေသော တင့်တယ်ခံ့ညားသည့်ရွှေနန်းတော်နှင့် နန်းဝတ်၊ နန်းစားများ ဝတ်ဆင်ကာ သွားလာမှုသည် နန်းတော်အတွင်းတစ်မျိုးလှပနေပေသည်။နန်းဝတ်နန်းစားများ ဓား၊ သံလျက်များဖြင့်၊ မာန်ပါပါ သရုပ်ဆောင်မှုကို မြင်သူတိုင်းသဘောကျကြသည်။ ယခုအခါ နန်းမြို့အတွင်းမှ ထားဝယ်ဆောင်သည် မြနန်းစံကျော်ရွှေနန်းတော်လာဧည့်သည်များကိုအမှတ်တရ ဖြစ်စေသောအဆောင်အဖြစ်တည်ရှိနေသည်။

**တိမ်တမန်**

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
၂၀၁၅-၁၆နှစ်အတွက် အထူးဈေးနှုန်း အထူးဝန်ဆောင်မှုအစီအစဉ်သစ်
အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။
(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားၿပွင့်၊ဟောစံ) Hotel 2 days → (၉.၅)သိန်း
(၁၂)ရက်ခရီး -သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန (အိန္ဒိယ + နီပေါ) Hotel 4 days → (၉.၉)သိန်း
(၁၅)ရက်ခရီး -သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days → (၁၁)သိန်း
သီရိလင်္ကာ စွယ်တော် + မူလဗောဓိပင် + ဗန်ကောက်မြဘုရား (၇)ရက်ခရီး → (၁၅.၅)သိန်း စရိတ်ငြိမ်း
အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။
စရန်ငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။
ဗုဒ္ဓဂယာတွင် ခါတ်လေ့ကားပါးဟိုတယ်၌ တည်းခိုပြီ၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။
ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အပွဲခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ်(Oct-19),(Nov-16,30), (Dec-14,28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Oct-27),(Nov-10,24),(Dec-8,22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-12),
သီရိလင်္ကာခရီးစဉ်များ-(Nov-29),(Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
Passport
India GSM Simcard Internet Wifi
(4-Star)
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com

RELIEF INTERNATIONAL

Public Tender Announcement for Construction of Incinerator, 2-unit toilets with Septic tank and Labor Room Renovation, THD Renovation, Patient waiting room, Station Hospital Renovation,1000 gallons Brick water Storage Water Storage tank and Tube well at Health Centers of Dedaye Township Health Department, Ayeyarwaddy Region.

Date: September 28th, 2015 Place: Dedaye Township, Ayeyarwaddy Region, Myanmar

Under the implementation of "3MDG funded MNCH project" in Dedaye Township, Ayeyarwaddy Region, Myanmar. Relief International will implement:

| Sr. | | Description | Quantity |
|---|---|---|---|
| 1. | (a) | Incinerator ( Local Made ) | 12 |
| | (b) | 2 units Latrine at SRHC | 10 |
| | (c) | 2 units Latrine at Station Hospital | 1 |
| 2. | (a) | THD renovation | 1 |
| | (b) | Patient waiting room (new building construction) | 1 |
| | (c) | Station Hospital Renovation | 3 |
| | (d) | 1000 gallons Brick Water Storage Tank | 7 |
| 3. | | Labor Room Renovation and repair for RHCs and Sub RHCs | 11 |
| 4. | | Tube Well | 39 |

In Deadye Township, Ayeyarwaddy Region, Myanmar

To construct above items are, invited from interested construction companies. Tender Documents are available at our office starting from the September 28th, 2015 to October 23rd, 2015 during office hours and for further detail please contact.

1. Contact Person : Daw Kyawt Sandar Win , Tel : (95)9-31416702
2. Yangon Office : No.202, U Wisara Road, West Shwegonedine, Bahan Township, Myanmar. Tel: (95)1-385002

Closing date is October 23rd, 2015 (5:00) PM.

Please, you should submit quotation, attach with background history and references.

လုပ်ငန်းရောင်းမည်
၂၅နှစ်အထက် သက်တမ်းရှိ ကောင်းသတင်းဖြင့် ရပ်တည်လျက်ရှိသော ကြက်အူချောင်းလုပ်ငန်း လက်လွှဲရောင်းချပေးမည်။
နည်းပညာ
ဖေါ်မြူလာ
လုပ်ငန်းလုပ်ပိုင်ခွင့်
အပြီးအပိုင် လွှဲပြောင်းပေးမည်။
လိုအပ်ပါက လိုက်လံပြသ ကြီးကြပ်ပေး၍ အကြံဉာဏ်များပေးပေးပါမည်။
ဆက်သွယ်ရန် - ၀၉-၉၅၁၅၁၅၃၉၉၉။

# အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးသင်တန်းဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆပ်ကော်မတီက ကြီးမှူး၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး Logistic သင်တန်းကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ဆပ်ကော်မတီက ကြီးမှူး၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး Logistic သင်တန်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နယ်သာလန်နိုင်ငံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူညီပေးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ဦးကျော်မျိုးကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ နယ်သာလန် နိုင်ငံ Logistic သင်တန်းမှူး Mr.VandenwallBakae က အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း ရှင်းလင်းပို့ချခဲ့သည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းဝင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ယခင်နှစ်များထက် ငါးရက်စော၍ကျင်းပမည်

**မုံရွာ အောက်တိုဘာ ၅**

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ သမိုင်းဝင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အား ယခုနှစ်တွင် ငါးရက်စောပြီးကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"ပုံမှန်ဘုရားပွဲရက်က အခုနှစ်မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပမယ်ရက်နဲ့ တိုက်နေတဲ့အတွက် ပုံမှန်ကျင်းပမယ့် ရက်ထက် စောပြီးကျင်းပတာပါ၊ ကျင်းပမယ့်ရက်ကတော့ အောက်တိုဘာ ၂၈ ရက်ကနေပြီး နိုဝင်ဘာ ၆ ရက်အထိ ကျင်းပသွားမှာပါ။

နိုဝင်ဘာ ၅ ရက်မှာတော့ မုံရွာမြို့ပေါ်မှာရှိတဲ့ သံဃာတော် အပါး ၆၀၀၀ ကျော်ကို ဆွမ်းလောင်းလှူပွဲကျင်းပသွားမှာပါ"ဟု ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် လာရောက် ရောင်းချကြသော ဒေသထွက်ကုန်များ၊ မြန်မာပြည်အရပ်ရပ်မှ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စတီးပစ္စည်းမျိုးစုံ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို ဖလှယ်ရောင်းချကြပြီး ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ဒီးမော့ဆို အောက်တိုဘာ ၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဝါဘန်းပလို့ကျေးရွာအုပ်စု ဝါဘန်းပလို့ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ချေးငွေအလိုက် လုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေစာရင်းဇယားပြုစုထားရှိမှုအခြေအနေများကို အောက်တိုဘာ ၃ ရက်တွင် ဒီးမော့ဆိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မေရီယန်၊ လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သူရ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဌေးဌေးစိန်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒု-ဦးစီးမှူး ဦးဆော်ရယ်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား နိုင်ငံတော်မှထောက်ပံ့ရန်ပုံငွေ ၃၀၀ သိန်းတိတိအား ထောက်ပံ့ပေးပြီး ဝါဘန်းပလို့ကျေးရွာ မြစိမ်းရောင်စီမံကိန်း ထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း ၈၉ ဦးနှင့် အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် လုပ်ကိုင်သူ ခုနစ်ဦးတို့နှင့် မြစိမ်းရောင်ရန်ပုံငွေလုပ်ငန်းအကောင်အထည်ဖော်လျက်ရှိသည်။

**မြို့နယ် ပြန်/ဆက်**

# သက်ကြီးရွယ်အိုဘိုးဘွား ၉၃ ဦးတို့အား ငွေကျပ် ၁၉ ဒသမ ၅၃ သိန်းဖိုး ထောက်ပံ့လှူဒါန်း

**တီးတိန် အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် တီးတိန်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သက်ကြီးရွယ်အိုဘိုးဘွား ၉၃ ဦးတို့အား ငွေကျပ် ၁၉ ဒသမ ၅၃ သိန်းဖိုး ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အသက် ၈၀ နှစ်အထက် အဘိုး ၄၆ ဦး၊ အဘွား ၄၇ ဦးတို့အား ငွေသား ကျပ် ၁၀၀၀၀ နှင့် လုံချည်တစ်ထည်စီ၊ အာဟာရနို့မှုန့်၊ ချဉ်စပ်၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ မွေ့ဆပ်ပြာ၊ ကျပ် ၁၁၀၀၀ တန်ဖိုးရှိ အားဆေးကတ်တို့အပါအဝင် ဘိုးဘွားတစ်ဦးလျှင် ကျပ် ၂၁၀၀၀ နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းအပြင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ သားဖွားဆရာမများမှ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ကြေးမုံ**



ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် ဆွမ်းလောင်းမေ္ဘာရုံတွင် ဩဂုတ်လအတွင်း ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်ခဲ့သောကျေးရွာများရှိ မသန်စွမ်းအိမ်ထောင်စုဝင်များအား မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အသင်းက အောက်တိုဘာ ၄ ရက်တွင် အိမ်ထောင်စု ၂၈၀ အတွက်တစ်အိမ်ထောင်လျှင်ဆန်တစ်ခွဲအိတ် ၃၀၀၊ ဆီတစ်ပိဿာစီနှင့် ချိုင်းထောက် နှစ်စုံ၊ ဝှီးချဲသုံးခုအား လှူဒါန်းခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- စိုးမင်းဦး(ပြန်/ဆက်)

Grade Nine English ရှစ်တန်း အင်္ဂလိပ်စာ (သင်ရိုးကုန်)
စာအုပ် ထုတ်ဖို့ မေတ္တာရပ်ခံ ထားသူများရဲ့ ဆန္ဒ ပြည့်ပါပြီ ...
စနစ်အကျဆုံး
ခေတ်အမီဆုံး
အသားနားဆုံး
အသပ်ရပ်ဆုံး
အရှင်းလင်းဆုံး
အပြည့်စုံဆုံး
အဆင့်အမြင့်ဆုံး
အထူးခြားဆုံး
အကောင်းတကာ အကောင်းဆုံး
ဂုဏ်ထူးဦးအောင်ခိုင်
ပြဋ္ဌာန်းချက် အစုံအလင်ကို အကုန်အစင် ရှင်းပြထား
သရုပ်ဖော်ပုံ ၇၀ နဲ့ အတူ နမူနာ မေးခွန်း ၅ စုံ ပါဝင် ...
ဂုဏ်ထူးဦးအောင်ခိုင်
Grade Nine English
၈-တန်း အင်္ဂလိပ်စာ
၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756

အမေရိကန်ပညာရေး
အသက် (၁၆) နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင်
၉ တန်းအောင် နှင့် ၁၀ တန်း မအောင်မြင်သော်လည်း ရှေ့ဆက်ရန် ပညာရေးမျှော်လင့်ချက်မြင့်မြင့်မားမား ရှိသူများ
International School တွင် Grade 9 , 10 တက်ရောက်နေသူများ
IGCSE Grading နည်းနေသူများ အတွက်
USA ရှိ Colleges တွင် High School Completion Diploma ကိုသင်ကြားပြီး
US Universities သို့တိုက်ရိုက် တက်ရောက်နိုင်မည့် အခွင့်အလမ်း
မှန်ကန်သောပညာရေး လမ်းကြောင်းအတွက် (အခမဲ့) ဆွေးနွေးနိုင်ပါသည်။
Myanmar Telesis Call Us: 01 - 527168 09 - 796114575
www.myanmartelesis.com

09 420035882, 73199257

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Rain Travels & Tours
Good Quality Budget tours manage by Gandawun Shwe Bangan Travels

| | | |
|---|---|---|
| ဗန်ကောက် | (၅) ရက် | USD 470 |
| စင်ကာပူ | (၄) ရက် | USD 630 |
| မလေးရှား | (၄) ရက် | USD 650 |
| ဟောင်ကောင်၊ မကာအို | (၅) ရက် | USD 1000 |
| ပီကင်း၊ ရှန်ဟိုင်း | (၆) ရက် | USD 1200 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။
Ph: 01-510218, 09-252281456
Ph: 09- 3169 3339, 09- 730 13856

09 5095 095, 01-682844

WIN Japanese Language School

| Section | Month | Day |
|---|---|---|
| Basic | 17,24Oct,13Dec.2015 | Sat,Sun |
| Basic | 10,24Nov,8Dec 2015 | Tue~Fri |
| Basic | 5,26 Jan 2016 | Mon~Fri |
| Intermediate | Nov.2015,Jan,Feb.2016 | Tue~Fri |
| N2,N3 Kanji | 15 Dec.2015 | Tue~Thu |
| Pre-Adv(I) | 5 Dec.2015 | Sat,Sun |
| Pre-Adv(II)+N4Gram | 26 Dec.2015 | Fri~Sun |

Tel: 294613, 297998, 299493 (စိန့်ပေါလ်မှတ်တိုင်)

ကြော်ငြာ




# Begins great leap into the future

Hanwha, a representative enterprise growing dynamically the most in Korea over 63 years and extending its business all over the world through manufacturing, energy, finance, service and leisure, begins a great leap into the new future of Myanmar from now on.

Hanwha's Affiliated Companies

[ MANUFACTURING & CONSTRUCTION ] • Hanwha Corporation • Hanwha Techwin • Hanwha Thales • Hanwha Chemical • Hanwha General Chemical • Hanwha TOTAL Petrochemical • Hanwha Engineering & Construction • Hanwha Fine Chemical • Hanwha Q CELLS • Hanwha Q CELLS Korea • Hanwha Advanced Materials • Hanwha Energy • Hanwha City Development

[ FINANCE ] • Hanwha Life • Hanwha General Insurance • Hanwha Investment & Securities • Hanwha Asset Management • Hanwha Investment • Hanwha Savings Bank

[ SERVICES & LEISURE ] • Hanwha Hotels & Resorts • Hanwha Galleria • Hanwha Galleria Timeworld • Hanwha 63 City • Hanwha S&C • Hanwha Station Development




Enquiry Hotline : 09-264554707

**TRITONE** Same Sky, Exclusive World

TRITONE Features

- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema
- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




Career Opportunity

Sales 00, Marketing 00, Driver 00, Receptionist 00, Cleaning 00, Security 00, Account 00, HR 00, Engineer (Architectural 0, Civil 0, electrical 0, mechanical 0), Administration 00

For more info, tritonecareer@gmail.com

Hanwha

Living Square


ခရီးစဉ်အသစ် တစ်ခု
ရန်ကုန်မြို့ ✈ ဟိုချီမင်းမြို့
(ဗီယက်နမ်)
မြန်မာကျပ်ငွေ
0
(*)
ကျပ်
သာ
www.vietjetair.com
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့ ..!
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
* Terms & conditions

# POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ဇလမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

HOTLINES : 09-795889588 | 09-796889688 | 09-797889788

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.







မလေးရှားနိုင်ငံတွင် Nissan ၏ လုပ်ပိုင်ခွင့်များကို နှစ်ပေါင်း ၅၇-နှစ်ကျော် ရရှိထားသည့် Tan Chong Motor Holdings Berhad (TCMH) သည် ယခုအခါ အင်ဒိုချိုင်းနားဈေးကွက်အတွင်း တိုးချဲ့ဝင်ရောက်လျက်ရှိပါသည်။ TCMH သည် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံများတွင် ရုံးခွဲများဖွင့်လှစ်ထားပြီး မော်တော်ယာဉ်ဈေးကွက်၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

လူတို့၏နှလုံးသားများကို လှုပ်ခတ်စေနိုင်သည့် တီထွင်ဆန်းသစ်သောရင်ခုန်မှုတို့ဖြင့် အတိုင်းသော မော်တော်ယာဉ်များဖန်တီးရာ၌ နှစ်ပေါင်း (၈၀)အစဉ်အလာကို ပိုင်ဆိုင်ထားသည့် Nissan အမှတ်တံဆိပ်သည် ဈေးကွက်များအတွင်း ထိရောက်သည့် အလားအလာကောင်းများကို ဆောင်ယူလာမည်ဖြစ်ပြီး ထိုက်တန်သော အကျိုးအမြတ်ဝင်ငွေများရရှိမည့် စီးပွားရေးအခွင့်အလမ်းများကိုလည်း ကမ်းလှမ်းမည်ဖြစ်ပါသည်။

- မော်လမြိုင်
- ပုသိမ်
- ပြည်
- မကွေး
- တောင်ကြီး
- လားရှိုး
- ရန်ကုန်
- မန္တလေး
- နေပြည်တော်

အသေးစိတ်အချက်အလက်များ စုံစမ်းရန်နှင့် အရောင်းကိုယ်စားလှယ်လျှောက်လွှာပုံစံ ရယူလိုသူများ ဖုန်းနံပါတ် 09 420 156 165 (သို့) business.development@tanchonggroup.com သို့ email ပို့၍ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ETCM (MM) PTE. LTD.
Malaysia +603-4047 8965

NISSAN

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ လုပ်ငန်းစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီများအနက်ကုမ္ပဏီ(၆၃)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တု အသေးစား ထုတ်လုပ်မှု လုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများမှလုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၂၆)ခုကို ဌာနသို့ ရွှေပေးသွင်းခြင်းမရှိပါက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ အသိပေး အကြောင်းကြားခဲ့ပါသည်။

၂။ ထိုကဲ့သို့ အသိပေးအကြောင်းကြားခဲ့ရာ ကုမ္ပဏီ(၉)ခုဌာနနှင့် လာရောက်ဆက်သွယ်၍ရွှေအပြည့်အဝပေးသွင်းပြီး ကုမ္ပဏီ(၆)ခုမှ တချို့ တစ်ဝက်ပေးသွင်း၍ ဆက်လက်ပေးသွင်းရန် ဝန်ခံကတိပြုထားပြီးဖြစ်ပါသည်။

၃။ ဌာနအနေဖြင့် ပထမအကြိမ်အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ(၅)ခုမှ ရွှေပေးသွင်းရန်ကျန်ရှိသည့် အံ့ဖွယ်ကမ္ဘာ ကုမ္ပဏီ(စစ်ကိုင်းတိုင်း ဒေသကြီး)ခုနှစ်ခုသောရာစုနှစ်ကုမ္ပဏီ၊ အောင်စစ်သွေးကုမ္ပဏီတို့အား ၃၁-၈-၂၀၁၅ရက်တွင် နေပြည်တော် ဒက္ခိဏခရိုင်တရားရုံး၌ အမှုဖွင့်တရားစွဲဆိုပြီး ဖြစ်ပါသည်။ ဒုတိယအကြိမ်အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီများအနက် လာရောက်ဆက်သွယ်စာရင်းရှင်းလင်းပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီများနှင့်အောက်ပါကုမ္ပဏီ(၆၃)ခု၏ အုပ်ချုပ်မှုဒါရိုက်တာနှင့်ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်-

| | | |
|---|---|---|
| ၁။ ရွှေချစ်သူ | ၂၁။ ဝေယံဦး | ၃၇။ မြန်မာရွှေရတနာ |
| ၂။ ရွှေခြူးသံသာ | ၂၂။ အောင်ရွှေငါး | ၃၈။ လေးကျွန်းအောင်လံ |
| ၃။ ရှင်ဗွေယန်တိုးတက်ရေး | ၂၃။ ရွှေကျွဲ | ၃၉။ လက်ရွှေစင် |
| ၄။ ဝေမြင့်စံသာ | ၂၄။ အောင်မြင်ချမ်းသာ | ၄၀။ ၁၁ခုမြောက်ရွှေကြယ် |
| ၅။ ဟိန်းနိုင်စိုး | ၂၅။ ခမ်းဝါ | ၄၁။ ကဥ္စနဒေဝီ |
| ၆။ ရွှေအောင်မိုင် | ၂၆။ ရွှေကျောင်းသား | ၄၂။ စိမ်းရွှေဝါနဒီ |
| ၇။ ရွှေတာပိန် | ၂၇။ မိုးလွင် | ၄၃။ ဌာနေအောင် |
| ၈။ အောင်သစ်လွင် | ၂၈။ ရွှေဘုန်းသစ် | ၄၄။ မြူဝါရောင်ရွှေ |
| ၉။ ရွှေဝင်းထက် | ၂၉။ ကံကောင်းသောပဒုမ္မာ | ၄၅။ ရွှေဝတီ |
| ၁၀။ ရာနှုန်းပြည့် | ၃၀။ ထွန်းထွန်းအောင် | ၄၆။ ရွှေစေတီဆိပ် |
| ၁၁။ ခင်ရတနာအောင် | ၃၁။ ရွှေထူး | ၄၇။ ရွှေနှံ့သာအောင် |
| ၁၂။ ဇေယျာလှိုင် | ၃၂။ ရွှေရတနာစိုး | ၄၈။ ရွှေလက်ပံသာ |
| ၁၃။ ခန့်ညား | ၃၃။ ရွှေပင်လယ်နတ်သမီး | ၄၉။ ရွှေတက်ဟိန်း |
| ၁၄။ စိန်ထက်ဝင်း | ၃၄။ ကျာရှဂေါင်း | ၅၀။ ရတနာလယ်မြေ |
| ၁၅။ မှူးမြစ်ဖျား | ၃၅။ ဆွေရတနာ | ၅၁။ လင်းလဲ့စိမ်း |
| ၁၆။ ရွှေစင်ကမ္ဘာ | ၃၆။ အောင်ဟိန်းရှိန်မြိုး | ၅၂။ ဝင်းဝါရွှေစင် |
| ၁၇။ ရွှေရောင်ကောင်းသောမိတ်ဆွေများ | | ၅၃။ ဝင်းဇရာဝတီ |
| ၁၈။ စိန်ထီးနန်း | | ၅၄။ ဝီရိယစက်မှု |
| ၁၉။ ရွှေစိမ်းရောင် | | ၅၅။ ဝိုင်းမြင့်မြတ် |
| ၂၀။ ပေါင်တာ | | ၅၆။ သတ္တုစိမ်း |
| ၅၇။ သိင်္ဂီရွှေစင် | ၅၈။ သာလွန် | ၅၉။ ဟိန်းနိုင်စိုး |
| ၆၀။ လင်းမြိုး | ၆၁။ ရွှေပွား | ၆၂။ အောင်ဇေယျတင်ထွန်း |
| ၆၃။ ထက်ကောင်းကျော် | | |

အလားတူအမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းစာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများမှ ပေးသွင်းရမည့်ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်းတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**


**သရဖူ မြတ်နိုးသူ Travel & Tours Co.,Ltd** — **October လခရီးစဉ်များ**

| | | |
|---|---|---|
| ဗန်ကောက်၊ အယုဒ္ဓယ၊ ပတ္တရား၊ ကမ္ဘောဒီးယား | 6-Days | 650 $ |
| ဗန်ကောက်၊ အယုဒ္ဓယ၊ ပတ္တရား | 4-Days | 420 $ |
| ဗီယက်နမ်၊ ဟိုချီမင်း၊ ဟိုင်းအန်၊ ဒနမ်း၊ ဟနွိုင်း၊ ဟာလောင်းBay | 5,6-Days | 800 $,920 $ |
| ပေကျင်း(ဗီကင်း)၊ ရှန်ဟိုင်း၊ ကူမင်း | 8-Days | 1500 $ |
| စင်ကာပူ- နေရာစုံလည်ပတ်ခြင်းနှင့် Shopping | 4-Days | 730 $ |
| အင်းလေး(ဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ကလော၊ ပင်းတယ | 5-Days | 100000 K |
| ကော့သောင်း၊ သူရွှေကျွန်း၊ ကြက်မောက်ကျွန်း၊ ရနောင်း(Flight) | 4-Days | 450000 K |
| ထားဝယ်ရှင်ကိုးရှင်(နေ့ချင်းဖူး)၊ မောင်းမကန်ကမ်းခြေ(Flight) | 4- Days | 300000 K |

Ph: 01-551453, 09-5156297, 09-5014517, 09-450053758


## မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်ရန် အဆင့်မြင့် ဝန်ထမ်းများ အလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်ခန့်အပ်ရန် ရိုးသား၍ကြိုးစား အလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် (ကျား/မ)ဝန်ထမ်းကောင်းများအလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများ ရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(ၑင်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့်ရည်မှန်းချက်၊ အပြည့်အစုံသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

(၁) အထွေထွေမန်နေဂျာ (ကျား/မ) ၁ ဦး

(၂) မန်နေဂျာ (ကျား/မ) ၅ ဦး

အင်္ဂလိပ်စာနှင့်ကွန်ပျူတာ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင်မှုအရည်အချင်းမြင့်မား၍ လုပ်ငန်းများတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။ Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၃) Warehouse Operation (ကျား) ၂၀ ဦး

(၄) Warehouse Documentation (မ) ၁၀ ဦး

အမှတ်စဉ် (၃)မှ(၄)အထိအတွက် ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

## ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ရန် အဆင့်မြင့် ယာဉ်မောင်းများအလိုရှိသည်

အိမ်စီးနှင့်ရုံးကားမောင်းရန် ၃ ဦး

အခြေခံလစာ အနိမ့်ဆုံးသုံးသိန်းခွဲ၊ အရည်အချင်းပေါ်မူတည်၍ ပိုပေးမည်။ အချိန်ပိုကြေးရမည်။

အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၁၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁




## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် အထူးကျေးဇူးတင်ရှိခြင်း

ဦးအောင်သန်းစိန်၏ ၆၀-နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးအောင်သန်းစိန်နှင့် မိသားစုများမှ (၄-၁၀-၂၀၁၅)နှင့်(၅-၁၀-၂၀၁၅)နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် ထနီးကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ခွဲပေါင်း (၂၀) အိမ်ခြေပေါင်း(၃၁၄၃)အိမ်တို့အား စတုတ္ထအကြိမ်မြောက် ဆန်နှင့် အလှူငွေများ လှူဒါန်းပေးခြင်း၊ ကျေးရွာသူ/သားများအား စတုဒိသာ ထမင်းနှင့် ဟင်းလျာများကို လိုလေသေးမရှိ ကျွေးမွေးလှူဒါန်း ပေးခဲ့ခြင်း များအတွက် အလှူရှင်မိသားစုများအား အထူးလှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက် ကျေးဇူး အထူးတင်ရှိပါကြောင်း။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သားများ

## မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ဦးဦး ဦးအောင်သန်းစိန်၏ (၆-၁၀-၂၀၁၅)ရက်နေ့တွင် ကျရောက်သော ၆၀-နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ ချစ်သောမိသားစုနှင့်အတူ နှစ်စဉ်၊ နှစ်တိုင်း ပို၍ ပို၍ ပွားများ လှူဒါန်းနိုင်ပါစေကြောင်းနှင့် အသက်ရာကျော်တိုင် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ စွမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သော တူ/တူမများ

## အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း)
## မြတ်ဆရာကျေးဇူးဆပ် ဂုဏ်ပြုပူဇော်ပွဲဖိတ်ကြားလွှာ

မြတ်ဆရာကျေးဇူးဆပ်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၁ ရက် အထက(၃)ဒဂုံမြို့မခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာမကြီးများနှင့် အထက(၃)ဒဂုံ ကျောင်းသူ/ကျောင်းသား ဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်
- နေ့စွဲ ။ ။ ၁၁-၁၀-၂၀၁၅ ရက်
- အချိန် ။ ။ နံနက်(၈:၀၀)နာရီ
- နေရာ ။ ။ မြို့မခန်းမ၊ အထက(၃)ဒဂုံ

## ဝေအောင်သန်း(၇)
## တရားရေးအရာရှိများ
## မိတ်ဆုံပွဲ
**23-10-2015 FRIDAY**

UNITY
## မဟာလူသားနှစ်ဦး၏ အတ္ထုပ္ပတ္တိ
ကျွန်ုပ်တို့သည် ကမ္ဘာပေါ်က ကြီးကျယ်သော အရာများကို မလုပ်နိုင်ကြသော်လည်း သေးငယ်သောအရာများကို ကြီးမားသောမေတ္တာဖြင့် လုပ်နိုင်ကြပါသည်။
**မာသာထရီဆာ**
(ဘဝနှင့် စွမ်းဆောင်မှုများ)
ခင်စောတင့် (မြန်မာပြန်)

ဂန္ဓီ၏ မွေးနေ့ဖြစ်သော အောက်တိုဘာလ ၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်ရေးနေ့ ဖြစ်ပါသည်။
**မဟတ္တမဂန္ဓီ**
ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ
ဒေါက်တာဦးသန်းထွန်း (ရွှေဘို) မြန်မာပြန်

UNITY စာပေ (Tel-095130977)နှင့် စာအုပ်ဆိုင်များ၊ City Mart ဆိုင်များတွင် ရရှိနိုင်ပါသည်။

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အောက်တိုဘာ (၃/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ဝိနိရတနာ Vinyl Riso မိတ္တူ၊ ဖီဒိုင်း (1'x1') ၁၃၀ ကျပ်

| | | |
|---|---|---|
| sq-ft ၁ ထောင်အထက် | sq-ft ၁ ထောင် | ၁၂၀ ကျပ် |
| အားပေးသူများကို | sq-ft ၁ သောင်း | ၁၁၀ ကျပ် |
| အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။ | sq-ft ၅ သောင်း | ၉၀ ကျပ် |

၇၆၊ ၃၂လမ်း (အောက်)၊ 0925 20 400 20, 0925 20 400 30, 01 388 115, 09 510 2750 Email: sein.yadanar@hotmail.com

## အမြန်အလိုရှိသည်(Tour ကားမောင်းရန်)

Englishစကားအခြေခံအဆင့်နားလည်ပြီး Tour car(Saloon,Alphard, အန်စာတုံး)မောင်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိသောသူများCV၊ ဓါတ်ပုံ(၃)ပုံ၊မှတ်ပုံတင်မူရင်း၊လိုင်စင်မူရင်း၊ရဲစခန်းထောက်ခံစာနှင့် တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
Ph: 09-420019877, 09-31272715

## ငှားရန်ရှိသည်

- လှိုင်မြို့နယ်၊ ခပေါင်းလမ်းရှိ RCနှစ်ထပ်တိုက် (I)လုံးနှင့် RC တစ်ထပ်တိုက်(II)လုံးငှားရန် ရှိပါသည်။
- မြေဧက(၀. ၃)ဧကနှင့် အဆောက်အအုံအကျယ်အဝန်း (7200)Sqftရှိပါသည်။
- Master Bed Room(၈)ခန်း(အဆင့်မြင့်ပြင်ဆင်ပြီး)
- Aircon (14)လုံး၊
- ဖုန်း၊ ရေ၊ မီး(မီးစက်အပါ)
(ရုံးခန်းဖွင့်ရန်၊ နိုင်ငံခြားသားများ နေထိုင်ခြင်းနှင့် ရုံးခန်းတွဲဖွင့်ရန်အတွက် အလွန်ကောင်းမွန်သော နေရာဖြစ်ပါသည်။)

ဆက်သွယ်ရန်
ဖုန်း-၀၉-၈၃၂၈၈၈၈၊ ၀၉-၈၃၀၂၈၈၈၊ ၀၉-၈၃၀၃၈၈၈

## မြင့်မြတ် အမှတ်တံဆိပ် အမှုးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နားကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)
ပင်ရင်း-မြကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း-၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၀၉။

## ခရူသင်းသမင်ဖြူ

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၅

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College(NMC)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် **Wisdom Power Co.,Ltd.** တို့ပူးပေါင်း၍ **Diploma in IT** သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

၁။ သင်တန်းအမည်---- **Diploma in Information Technology**
၂။ သင်တန်းအမှတ်စဉ်----(၂၅)
၃။ သင်တန်းကာလ----(၉)လ
၄။ သင်တန်းဖွင့်လှစ်မည့်နေ့ရက်----အောက်တိုဘာလ(၁၄)ရက်(ဗုဒ္ဓဟူးနေ့)၊ ၂၀၁၅ခုနှစ်။
၅။ လက်ခံမည့်သင်တန်းသားဦးရေ----သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
၆။ အသေးစိတ်အချက်အလက်များကို အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **Wisdom Power** (ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ။ ။ ၂၉၁၉၂၅၊ ၃၈၀၀၁၅၊ ၃၉၁၂၈၆၊ ၅၀၂၂၃၃၊ ၅၀၀၂၄၃၊ ၅၂၄၄၀၀၊ ၃၉၁၂၈၇၊ ၀၉-၄၅၀၄၅၅၂၃၃

## ဧကော်ဘွားအလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

သံမလိုက်သည့် အဆင့်မြင့် ဧတိုး ဘလိတ်စားသွားဆေးကြီးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်း၍ တပ်ဆင်ပေးနေပါသည်။

အရောင်းဆိုင်ခန်း(၁) - [illegible]
Ph:01-545531,01-8603141, 09-5008161

အရောင်းဆိုင်ခန်း(၂) - [illegible]
Ph : 01-656521, 09-421024741

အရောင်းဆိုင်ခန်း(၃) - [illegible]
Ph: 01-642748, 09-421024711, 09-421024811


NEW MOTION TRAVELS & TOURS
Escape From Everyday Life
အမေရိကား - Dec 11 အင်္ဂလန် - Dec 17 ဥရောပ - Dec 21 သြစတေးလျ - Dec 19 စပိန် - Dec 19
ဂျပန် - Oct 24, Dec 26 ဒူဘိုင်း - Nov 26, Dec 28 ဟောင်ကောင် - Oct 29, Nov 26, Dec 31
ကိုရီးယား - Nov 25, Dec 23 ဗီယက်နမ် - Oct 28, Dec 27 စင်ကာပူ - Oct 28, Dec 31
ဘန်ကောက် - Oct 27, Nov 26, Dec 28, 29 ဖူးခက် - Dec 29 ချင်းမိုင် - Nov 25
စင်း~ဘာလီ - Dec 25 စင်း~မလေး - Dec 27, 28
01 508124, 523253, 0973148933-44-55-66
ဗုဒ္ဓဂယာခရီးစဉ်
အောက်တိုဘာ-၂၄
နိုဝင်ဘာ-၂၁
ဒီဇင်ဘာ-၅၊၂၆
ဖေဖော်ဝါရီ-၁၃၊၂၉
မတ်-၁၉
ဧပြီ-၁၁
နိုဝင်ဘာ-၁၁
ဒီဇင်ဘာ-၁၂
ဖေဖော်ဝါရီ-၁၃
မတ်-၉


ရွှေပလ္လင်
ရွှေဖြည်သာ
ဖွင့်ပြီ
ရွှေပလ္လင် ရွှေတောင်ခေါက်ဆွဲ
အရမ်းကောင်းဆိုပဲ !
တွေ့ကြရအောင် ရွှေပလ္လင် မှာ...


Mr. Myanmar
မစွတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Bhutan USD 2290
Europe USD 5990
ဘန်ကောက် ၅ရက် - 590 USD
ချင်းမိုင် ၅ရက် - 740 USD
ဖူးခက်ကမ်းခြေ ၄ရက် - 790 USD
ဗီယက်နမ် ၇ရက် - 1100 USD
ကမ္ဘောဒီးယား ၅ရက် - 730 USD
စင်ကာပူ ၄ရက် - 790 USD
မလေးရှား ၄ရက် - 700 USD
စင်ကာပူ-မလေးရှား ၇ရက်-1080 USD
ဟောင်ကောင် ၅ရက် - 1370 USD
ဟောင်ကောင် ၈ရက် - 1850 USD
ဂျပန် ၉ရက် - 2850 USD
ကိုရီးယား ၈ရက် - 2200 USD
တရုတ်ပြည် ၇ရက် - 1350 USD
ဒူဘိုင်း ၇ရက် - 2300 USD
ဩစတြေးလျ ၇ရက် - 1200 USD
Ph: 228828, 09799753144, 09799753155


ဒီနဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ (၄) ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀၀ိ/-
ဒီနဘုရားဖူးအဖွဲ့ - ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
ဖုန်း - 545215, 545216, 555173
ဖုန်း-09 402 64 8989, 09 5300305


Sunny Paradise Resort
Ocean Paradise
16-18 October 2015
@ Ngwe Saung Beach
Wine Su Khine Thein
Ah Moon
BEACH GLOW PARTY
with Surprise Lucky Draw ...
Value of 200,000Ks
Get only 120,000Ks (2 Nights)
Game Fire
Sand Dance
Water Party
Old Movies
DJ ICE Z
DJ Wine
DJ Paka
Hot-Line: 09 5200591 / 09 5200594 / 09 250186988
Email: sunnyparadiseresort.sales@gmail.com
Visit: www.facebook.com/SunnyParadiseResort


Home
Think of House, Think of Home
SHOWROOM
Double Present !
GET 1 FREE!
လက်ဆောင်
3 ကျင်း
5 ကျင်း
7 ကျင်း
BUY FLOOR
Package Promotion
( ကြမ်းခင်း 3 ကျင်း )
Kitchen Cabinet
** Selected Items Only
09 79 700 70 73
09 79 700 70 83

Hot Line No-0930500100

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့၌ နံနက် ၇ နာရီ၊ ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး အရည်အသွေးရှိသည့် ပညာရေးစနစ်နှင့် စွမ်းရည်ပြည့်ဝ ထက်မြက်သည့် ဆရာ၊ ဆရာမများလိုအပ်

နေပြည်တော် အောက်တိုဘာ ၅

ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ချီးမြှင့်ရန်၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျေးဇူးရှင် ဆရာ ဆရာမများအား လေးစားတန်ဖိုးထား တတ်စေရန်နှင့် ဆရာ ဆရာမများ၏ အရည်အသွေး၊ စွမ်းရည်နှင့် စိတ်ဓာတ်တို့ မြှင့်တင်နိုင်ရန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးငွေးအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ဂုဏ်ထူးဆောင် ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေမှ ဆရာမများက "ယနေ့ခေတ် တို့ဆရာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုပြီးနောက် ၁၉၉၄ ခုနှစ်မှစတင်၍ နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

## ယနေ့ မာတိကာ

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀၅ ဦးအား ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်း**

စာမျက်နှာ - ၃

**ဒီမိုကရေစီအစိုးရလက်ထက်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် အကျိုးပြုအိမ်ရာစုစုပေါင်း ၃၆၀၅၉ ခန်းကို ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ခဲ့**

စာမျက်နှာ - ၈

# ဝူဟန်အိုးပင်းတင်းနစ်ဖလား ဗိုလ်လုပွဲကျင်းပ ဗီးနပ်ဝီလျံ အဆင့်(၁၄)သို့ တက်လှမ်း

**အမေရိကန်တင်းနစ်မယ် ဗီးနပ်ဝီလျံသည် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းတင်းနစ်ဖလားပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ဗိုလ်လုပွဲတွင် စပိန်တင်းနစ်မယ် မူဂူရူဇာအား အနိုင်ရရှိခဲ့ပြီးနောက် ဝူဟန်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။** စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍



# ၂၀၁၅ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၉ ဒသမ ၃ ရာခိုင်နှုန်းရောက်ရှိမည်ဟု မျှော်မှန်းထားသည့် မြန်မာနိုင်ငံ

ဒေါက်တာသာစိန်

မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိဘဏ်များအကြား ပေါင်းကူးဆက်သွယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးမည့် မေဘဏ်သည် ထရန်ဆက်ရှင်းဘဏ်ကင်း အပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးငွေကန်ဒေါ်လာ ၇၅ သန်းဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်လိုက်ပြီဖြစ်သည်။

အောက်တိုဘာ ၅ ရက်က ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်မိတ်ဆက်သည့်အခမ်းအနားတွင် မေဘဏ်ဥက္ကဋ္ဌ မီဂတ်စ်ဇာဟာရုတ်ဒင်က မေဘဏ်သည် မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ အလားအလာများကို အမြဲယုံကြည်စိတ်ချမှုရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရှိနေခဲ့သည့် နှစ် ၂၀ အတွင်း အာဆီယံနိုင်ငံများနှင့် ကျယ်ပြန့်သောချိတ်ဆက်မှုများ ပြုလုပ်ထားခဲ့ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပေါ်ပေါက်လာတော့မည်ဖြစ်ရာ ဒေသတွင်းရှိ ပြည်သူ သန်း ၆၀၀ ကို ဝန်ဆောင်မှုပေးရန် ပြီးခဲ့သောနှစ်များက မိမိတို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုကို လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်အကုန်တွင် ပေါ်ပေါက်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်အတူ အာရှဒေသရှိ စီးပွားရေးအခင်းအကျင်းများ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**






themirror.npt@gmail.com www.facebook.com/themirrordaily

## ညောင်ဦးခရိုင်၌ မဲပေးပိုင်ခွင့်ရှိသူ လေးသိန်းကျော်ရှိပြီး ပါတီသုံးခုမှ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် နှစ်မြို့နယ် ပါဝင်ပြီး ညောင်ဦးမြို့နယ်တွင် (၁၈) နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ ၁၉၀၀၀၀ နှင့် ကျောက်ပန်းတောင်းမြို့နယ် (၁၈)နှစ်အထက် မဲပေးပိုင်ခွင့်ရှိသူ ၂၂၀၀၀၀ ကျော် စုစုပေါင်း ညောင်ဦးခရိုင်တွင် မဲပေးပိုင်ခွင့်ရှိသူ လေးသိန်းကျော်ရှိသည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ညောင်ဦးခရိုင်မှ ပါတီ သုံးခု၊ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ခရိုင်ကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ အမျိုးသား တိုးတက်ရေးပါတီမှ နှစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တစ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ အမျိုးသားတိုးတက်ရေးပါတီမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လေးဦးနှင့် အမျိုးသားတိုးတက်ရေးပါတီမှ လေးဦး စသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး ယှဉ်ပြိုင်ရွေးချယ်ခံမည်ဟု သိရသည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် ညောင်ဦးခရိုင်နှင့် ရှမ်းတိုင်းရင်းသားလူမျိုးနွယ်စု မဲတစ်ခုပါဝင်မည်ဖြစ်ကြောင်းနှင့် ရှမ်းတိုင်းရင်းသား ၃၅ ဦးရှိကြောင်း သိရသည်။

**ကျော်ဒွေး(ညောင်ဦး)**

## အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရှင်းလင်းဆွေးနွေး

**ကလေး အောက်တိုဘာ ၅**

လာမည့်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးကျော်သူဇော်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ လွတ်လပ်ပြီး တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အောင်မြင်သော ရွေးကောက်ပွဲတစ်ခုဖြစ်လာစေရန်နှင့် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့်လည်း လိုက်နာရမည့်ကျင့်ဝတ်ပိုင်း နည်းဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောသည့် ကာလအတွင်း ဆောင်ရွက်သွားကြရန်နှင့် ရွေးကောက်ပွဲကာလတွင်လည်း နိုင်ငံတကာနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက စောင့်ကြည့်လေ့လာသွားကြမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများနှင့်လည်း သိသင့်သိထိုက်သည့် နည်းဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စများကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က လက်ရှိဆောင်ရွက်ထားရှိမှုအပေါ် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီဝင် ကိုယ်စားလှယ်လောင်းများနှင့် တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဲဆန္ဒရှင်အသိပညာပေးလှုံ့ဆော်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် PACE အဖွဲ့ဆို

**ရန်ကုန် အောက်တိုဘာ ၅**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲဆန္ဒရှင်အသိပညာပေးလှုံ့ဆော်မှုလုပ်ငန်းများ လိုအပ်သေးကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် People's Alliance For Credible Elections-PACE (ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့)မှ ဆိုသည်။

ထို့အပြင် PACE အဖွဲ့၏ စောင့်ကြည့်လေ့လာသည့်နေရာများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ ပါဝင်ဆောင်ရွက်မှု မတွေ့ရကြောင်း၊ မဲဆန္ဒရှင်စာရင်း၏ မှန်ကန်တိကျမှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကြောင့် မဲဆန္ဒရှင်လာရောက်ကြည့်ရှုသည့် အရေအတွက်များနိုင်သည်ဟု မျှော်လင့်ထားကြသော်လည်း မျှော်လင့်ထားသည့် အရေအတွက်အောက် လျော့နည်းသည်ကို တွေ့ရကြောင်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကြေညာပြသမှု စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

“မဲဆန္ဒရှင်တွေကို မဲစာရင်းသွားကြည့်ဖို့ တိုက်တွန်းနှိုးဆော်တာဟာ အခုဖြစ်နေတဲ့ မဲစာရင်းနဲ့ပတ်သက်ပြီး အကောင်းဆုံးအဖြေတစ်ခုပါပဲ။ သို့ပေမယ့် များများစားစားလာကြည့်ကြတာ မတွေ့ရဘူး။ သေချာတာကတော့ ရေရှည်အတွက် အဖြေတစ်ခုရှာကြရမယ်ဆိုတာပါပဲ။ ဒီပြဿနာနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲမတိုင်ခင်မှာ ကော်မရှင်နဲ့ နိုင်ငံရေးပါတီတွေအကြား ဆွေးနွေးအဖြေရှာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရေရှည်အတွက်တော့ ရွေးကောက်ပွဲနောက်ပိုင်းမှာလည်း ဆက်ပြီးတော့ ဆွေးနွေးဖို့လိုအပ်ပါတယ်” ဟု PACE အဖွဲ့၏ ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။

တစ်နိုင်ငံလုံးမဲဆန္ဒရှင်ကြေညာမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရန်အတွက် PACE အဖွဲ့မှ ကာလရှည်စောင့်ကြည့်လေ့လာသူ စုစုပေါင်း ၁၁၀ ကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ မြို့နယ်ပေါင်း ၁၁၀ သို့ စေလွှတ်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ကျေးလက်ဒေသနှင့် မြို့ပြဒေသရှိမဲဆန္ဒရှင်စာရင်းကြေညာပြသရာ နေရာပေါင်း ၈၆၈ နေရာကို စောင့်ကြည့်လေ့လာခဲ့ကြောင်း သိရသည်။ (၀၀၄)

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်



### မဲပေးပုံအဆင့်ဆင့်

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။

၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။

၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။

၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျှို့ဝှက်မဲပေးခန်း(သို့) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး ကြိုက်နှစ်သက်ရာကိုယ်စားလှယ်လောင်း၏အမည်နှင့် တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။

၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကိုခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။

၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ်ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော်အမတ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

### မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကိုခေါ်ပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊
(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊

### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**ရွေးကောက်ပွဲကျင်းပရန် ၃၃ ရက်သာ လိုတော့သည်။**

# ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၅ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်-**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား**

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဦးစိုင်းဟောင်ခမ်းဖြစ်ပါတယ်။ ပါတီထူထောင်ရခြင်း၏ အကြောင်းရင်း၊ ပါတီ၏ ရည်မှန်းချက်နဲ့မူဝါဒများမတင်ပြခင် ရှမ်းပြည်နယ်အရှေ့ပိုင်းရဲ့သမိုင်းကြောင်းကို ဦးစွာတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ၁၃ ရာစုနှစ်အလယ်လောက် **လားနား (Lanna) ရှမ်းအင်ပါယာ**ထူထောင်စဉ်တုန်းက ချင်းမိုင်၊ ချင်းရိုင်း၊ ကျိုင်းဟုန် တို့နဲ့အတူ ပါဝင်ခဲ့တဲ့ဒေသဖြစ်ပါတယ်။ ၁၆ ရာစုနှစ် လားနားအင်ပါယာ (Lanna Empire) ပြိုကွဲပြီး ကိုယ့်ဒေသကိုယ်အုပ်ချုပ်သောစော်ဘွားခေတ်မှ ဗြိတိသျှကိုလိုနီအဖြစ် ဝင်ရောက်သိမ်းပိုက်သော (၁၈၉၀-၁၈၉၁) ခုနှစ်အထိ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနယ်ဟာ မြန်မာမင်းများအား ဘဏ္ဍာဆက်သရသော စော်ဘွားနယ်မဟုတ်ခဲ့ပါ။ မြန်မာမင်းအဆက်ဆက်တို့နှင့် တန်းတူဆက်ဆံကာ နိုင်ငံရေး၊ စစ်ရေးမှာအပြန်အလှန်ကူညီကြတဲ့ မဟာမိတ်များဖြစ်ကြကြောင်း သမိုင်းအထောက်အထားများရှိပါတယ်။ ဗြိတိသျှကိုလိုနီခေတ်ရောက်တဲ့အခါ ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ Federated Shan States ထဲပါဝင်လာခဲ့ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုခိုင်မာမြင့်မားစွာရှိပြီး ပြင်ပယဉ်ကျေးမှုစိမ့်ဝင်မှု အနည်းဆုံးဒေသလည်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ အသုံးပြုလျက်ရှိတဲ့ ဂုံရှမ်းစာပေဟာသက္ကဋ ဘာသာခွဲ ပရဝစာပေမှဆင်းသက်လာသောကြောင့်ပါဠိဘာသာကို မူရင်းအသံထွက်အတိုင်း မှန်ကန်စွာရေးသားနိုင်တဲ့စာပေဖြစ်ပါတယ်။ ဒီဂုံရှမ်းစာပေနဲ့ရေးသားပြုစုထားတဲ့ ထေရဝါဒဗုဒ္ဓကျမ်းစာများကို ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းအပါအဝင်ရှမ်းပြည်နယ်တစ်ဝန်းလုံး အလောင်းဘုရားလက်ထက်အထိ အသုံးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိပါတယ်။ ဆင်ဖြူရှင်ဘုရင်လက်ထက်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့ ဗုဒ္ဓဘာသာစာပေကို မြန်မာဘာသာနဲ့ရေးသားထားတဲ့ ဗုဒ္ဓစာပေကျမ်းဂန်များကို အစားထိုးသုံးစွဲနေပေမယ့်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ယခုအချိန်အထိ မိမိကိုယ်ပိုင်စာပေနဲ့ရေးသားထားတဲ့ ထေရဝါဒဗုဒ္ဓဘာသာကျမ်းဂန်များကိုသာ သုံးစွဲလျက်ရှိနေပါတယ်။

ဒါကြောင့် ဒီလိုခိုင်မာတဲ့ ဘာသာ၊စာပေနဲ့ယဉ်ကျေးမှုတွေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဖို့က တစ်ကြောင်း၊ ပြည်သူလူထုအတွက်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန်လိုအပ်လာသည်ကတစ်ကြောင်း စသောအကြောင်းကြောင်းကြောင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်မှာ စတင်တည်ထောင်ခဲ့ရခြင်းဖြစ်ပါတယ်။ ပါတီတည်ထောင်ရခြင်း အကြောင်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ မူလဌာနေတိုင်းရင်းသားများဖြစ်ကြသောဂုံရှမ်း၊ လီရှမ်း၊ တိုင်းနေရှမ်း၊ တိုင်းလွယ်ရှမ်း၊ တိုင်းလျမ်းရှမ်း၊ ရှမ်းကြီး(ခေါ်) တိုင်းလုံရှမ်း၊လားဟူ၊ အာခါ၊'ဝ'၊ 'လ'၊ ပလောင်၊ အားခေ၊ လီရှော(ခေါ်)လီဆူး၊ အဲန်စသော တိုင်းရင်းသားများအပြင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားများ၊ တရုတ်နှင့် အိန္ဒိယနွယ်ဖွားများသည် ရှမ်းပြည်နယ်အရှေ့ပိုင်းဖြစ်သော ဤဒေသတွင် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

၂။ ဤဒေသတွင် ဘာသာရေးအားဖြင့် ကြည့်မည်ဆိုလျှင်လည်း ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ကက်သလစ်ခရစ်ယာန်ဘာသာ၊ နှစ်ခြင်းခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဆစ်ခ်ဘာသာနှင့် ရိုးရာနတ်ကိုးကွယ်သောဘာသာဟူ၍ ရှိပါသည်။

၃။ ဤသို့ဘာသာကွဲ၊ လူမျိုးကွဲများ စုပေါင်းနေထိုင်နေသော ရှမ်းပြည်နယ်အရှေ့ပိုင်းသည်ဘာသာရေး၊ လူမျိုးရေးပဋိပက္ခမဖြစ်ကြဘဲညီရင်းအစ်ကိုသဖွယ်ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြသောကြောင့် ပြင်ပ ပယောဂဖြစ်သော အနိုင်ကျင့်မှုများ၊ စစ်မီးများသာမရှိပါက ငြိမ်းချမ်း၍ ပျော်စရာကောင်းသော ဘုံဗိမာန်ဖြစ်မည်မှာမလွဲပေ။

၄။ ယခုအခါ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်သို့ တက်လှမ်းလာပြီ ဖြစ်သောကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်လည်း နိုင်ငံရေးပါတီများ အလုအယက် ဝင်လာကြပါသည်။ နိုင်ငံရေးပါတီကြီး၊ နိုင်ငံရေးပါတီလတ်၊ နိုင်ငံရေးပါတီငယ်ဟူ၍ နိုင်ငံရေးပါတီအမျိုးမျိုး ရှိကြသော်လည်း ၎င်းပါတီများထဲတွင် ပြည်ထောင်စုဝါဒီ (Unionist) များသည် လူနည်းစုသာဖြစ်ပြီးအမျိုးသားဝါဒီ (Nationalist) များသာကြီးစိုးကာ နေရာယူထားသည်ကို တွေ့ရပါသည်။

၅။ ဤသို့အမျိုးသားဝါဒီ (Nationalist) များနေရာယူထားသော လက်ရှိပါတီများသည် မတူကွဲပြားသော လူမျိုးရေး၊ ဘာသာရေးများရှိနေသော ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်လိမ့်မည်ဟု မယုံကြည်ပေ။

၆။ ထို့ကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မူလဌာနေတိုင်းရင်းသားများနှင့် အခြားပြည်ထောင်စုသားများ၏အကျိုး စောင့်ရှောက်ကာကွယ်ရေး၊ အခွင့်အရေးများတောင်းဆိုနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို ဆောင်ရွက်ရန်အတွက် ဌာနေဒေသနိုင်ငံရေးပါတီတစ်ခုရှိရန် လိုအပ်လာပြီဖြစ်ပါသည်။

**လေးစားအပ်ပါသောမိဘပြည်သူများခင်ဗျား**

ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီရဲ့ ရည်မှန်းချက်နဲ့ ပါတီရဲ့နိုင်ငံရေးမူဝါဒများကို တင်ပြပါမယ်။

**ပါတီ၏ ရည်မှန်းချက်**

၁။ ဒီမိုကရေစီ နိုင်ငံရေးစနစ်ဖြစ်ထွန်းရေး။

၂။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ကျင့်သုံးရေး။

၃။ ရှမ်းပြည်နယ်အရှေ့ပိုင်းမူလဌာနေ တိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးထမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး။

၄။ မတူကွဲပြားသော ဘာသာရေးနှင့် လူမျိုးများစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး။

၅။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြေပေါ်မြေအောက်သယံဇာတများ ပြည်သူလူထုအတွက် အကျိုးပြုစေရေး။

၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး။

၇။ ပြည်သူလူထု လူနေမှုပုံစံစနစ်မြင့်မားရေးနှင့်တိုးတက်ဖွံ့ဖြိုးရေး။

**ပါတီ၏နိုင်ငံရေးမူဝါဒများ**

၁။ **အုပ်ချုပ်ရေးမူဝါဒ။** ဒီမိုကရေစီစနစ်နှင့်အညီ အုပ်ချုပ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လမ်းစဉ်မူဝါဒ (Federalism)ကို ကျင့်သုံးမည်။

၂။ **တရားစီရင်ရေးမူဝါဒ။** လွတ်လပ်ပြီး သန့်ရှင်းသော တရားစီရင်စနစ်ကို ကျင့်သုံးမည်။



၃။ **စီးပွားရေးမူဝါဒ။** လွတ်လပ်သော စီးပွားရေးဝါဒ(Economic Liberalism) နှင့် ဈေးကွက်စီးပွားရေးစနစ် (Market Oriented Economic System) ကို ဦးတည်ဆောင်ရွက်မည်။

၄။ **ဘတ်ဂျက်မူဝါဒ။** ဘတ်ဂျက်ခွဲတမ်းချမှတ်ရာတွင် အခြေခံအဆောက်အအုံ (Infrastructure) တည်ဆောက်ရေးအတွက် ဦးစားပေးပြီး ပညာရေးနှင့် ကျန်းမာရေးအတွက် ဘတ်ဂျက်တိုးမြှင့်နိုင်ရန် သုံးသပ်မည်။

၅။ **ပညာရေးမူဝါဒ။** နိုင်ငံတကာနှင့်ယှဉ်၍ သင်ရိုးညွှန်းတမ်းများ ပုံမှန်စိစစ်ခြင်း၊ မူလတန်းအထိ တိုင်းရင်းသားစာပေများလည်း ကျောင်းချိန်အတွင်းသင်ကြားခြင်း၊ အထက်တန်းအထိ အခမဲ့ပညာသင်ကြားရေးနှင့် မူလတန်းကျောင်းအထိ ပညာမသင်ကြားရသူမရှိစေသော အလုံးစုံ မူလတန်းပညာသင်ကြားရေး (Universal Primary Education) ကို ထောက်ခံကျင့်သုံးမည်။

၆။ **ကျန်းမာရေးမူဝါဒ။** ပြည်သူလူထုတတ်နိုင်သောစရိတ်ဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု (Affordable and Quality Health Care) ကိုဆောင်ရွက်မည်။ ထိုမှတစ်ဆင့် အလုံးစုံ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Care System)သို့ တက်လှမ်းမည်။

၇။ **တန်းတူညီမျှရေးမူဝါဒ။** ဘာသာရေးအားဖြင့်သော်လည်းကောင်း၊ လူမျိုးရေးအားဖြင့်သော်လည်းကောင်း၊ အသက်အရွယ်အားဖြင့်သော်လည်းကောင်း၊ လိင်အားဖြင့်သော်လည်းကောင်း၊ ခန္ဓာအစိတ်အပိုင်းပြည့်စုံမှုအားဖြင့်သော်လည်းကောင်း ခွဲခြားမှုမရှိစေရ။ အခွင့်အရေးနှင့်ပတ်သက်၍ အားလုံး တန်းတူခံစားခွင့်ရှိသော မူဝါဒ (Egalitarianism)ကို ကျင့်သုံးမည်။

၈။ **လူမှုဖူလုံရေးမူဝါဒ။** မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ကူညီထောက်ပံ့ခြင်း (Social Security Service) ကိုထောက်ခံမည်။

၉။ **စွမ်းအင်မူဝါဒ။** စွမ်းအင်ထုတ်လုပ်ရေးတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော အစိမ်းရောင်စွမ်းအင် (Green Energy) ကိုသာ ထောက်ခံအားပေးမည်။

၁၀။ **စိုက်ပျိုးရေးမူဝါဒ။** စိုက်ပျိုးရေးဆိုင်ရာသုတေသနလုပ်ငန်းကို မြှင့်တင်ခြင်း၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်(Organic Agricultural System) ကို တိုးမြှင့်လုပ်ဆောင်ခြင်းများ ဆောင်ရွက်မည်။

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးပါတီကို နောက်ကျမှထူထောင်ရပေမယ့်လည်း လုံးဝအားမငယ်ပါ။ ကျွန်တော်တို့နဲ့အတူ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ပြည်သူများကိုယ့်ဒေသ၊ ကိုယ့်လူမျိုးဘာသာအတွက် ရပ်တည်ထောက်ခံလိမ့်မည်ဟု ခိုင်မာစွာယုံကြည်လျက်ရှိနေသောကြောင့် ဖြစ်ပါတယ်။ မတူကွဲပြားသော ဘာသာရေးနှင့်လူမျိုးများ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လိုသူတိုင်း၊ မိမိတို့ရဲ့ ဘာသာ၊ စာပေနဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်လိုသူတိုင်း၊ ကိုယ့်ဒေသကို ကိုယ်တိုင်အုပ်ချုပ်နိုင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မြတ်နိုးသူတိုင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို လိုချင်သူတိုင်း ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီကို ထောက်ခံမဲပေးကြပါရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# စဉ့်ကိုင်မြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာများရှင်းလင်း

**စဉ့်ကိုင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးရာတွင် စဉ့်ကိုင်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးတင်မောင်က အခြေခံမဲစာရင်းများ ပြုစုရာတွင် ၂၀၁၅ ခုနှစ်မတ်လမှ စတင်ပြုစုခဲ့ရာ ဇွန်လတွင် ပထမအကြိမ်နှင့် စက်တင်ဘာလတွင် ဒုတိယအကြိမ် မဲစာရင်းများ စနစ်တကျကြေညာနိုင်ခဲ့ကြောင်းနှင့် မြို့နယ်အနေဖြင့်နိုင်ငံရေးပါတီများသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များတွင် အဆင့်တိုင်း၌ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းက အခြေခံမဲစာရင်းများ ကြေညာပေးမှုအရပုံစံ-(၃)၊ ပုံစံ-(၄)၊ ပုံစံ-(၄)(ဂ) ပြင်ဆင်ဖြည့်စွက်ချက်များကို စနစ်တကျဖြင့် စာရင်းများပြုစုပေးနိုင်ခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ၁၅ ဦးအား ကျေးရွာအုပ်စု ၅၃ အုပ်စုတွင် အဖွဲ့(၆)ဖွဲ့ခွဲ၍ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ အနေဖြင့် ဆန္ဒမဲပေးမည့်နေ့တွင် လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# မဟာမိတ်တောင်သူလယ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မဟာမိတ်တောင်သူလယ်သမားပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဆန်းလင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလန်းဖြာကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ မဟာမိတ်တောင်သူလယ်သမားပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းလင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မဟာမိတ်တောင်သူလယ်သမားပါတီကြီးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခွင့် လျှောက်ထားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ်-၉၂ ဖြင့် ပါတီတည်ထောင်ခွင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မဟာမိတ်တောင်သူလယ်သမားပါတီ၏ မူဝါဒသဘောထားများကို တင်ပြရပါလျှင်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ ဒီမိုကရေစီစနစ်ကို အခြေခံပြီး ထူထောင်မှုအပေါ် အလေးထားရပ်တည်ပါမည်။

(ခ) သဘောထားကွဲလွဲမှု၊ သာတူညီမျှမရှိမှု၊ လူမှုအခွင့်အရေး ဆုံးရှုံးမှုစသည့် အမျိုးမျိုးသော စိန်ခေါ်မှုပြဿနာများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရယူနိုင်မည်ကို အလေးအနက်ထားဆောင်ရွက်ပါမည်။

(ဂ) နိုင်ငံသားအားလုံး၏ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူရရှိရေးအတွက် ဥပဒေနှင့် ညီညွတ်သောလိုလားချက်များအတိုင်း ဖော်ဆောင်ပေးပါမည်။

(ဃ) ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဥပဒေဘောင်အတွင်းမှ ရပ်တည်ဆောင်ရွက်သွားပါမည်။

(င) ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အစိုးရ အဖွဲ့အစည်းများ၊ အခြားသောနိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စည်းလုံးညီညွတ်မှုကို အခြေခံကာ လက်တွဲဆောင်ရွက်သွားပါမည်။

(စ) နိုင်ငံသားများ၏ လူမှုအခွင့်အရေးနစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်သွားပါမည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား -**

မဟာမိတ်တောင်သူလယ်သမားပါတီသည် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အခြေခံလူတန်းစားများ၏ အကျိုးစီးပွားအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်-

(က) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေပါ အခွင့်အရေးများကို တောင်သူလယ်သမားများအား ပြည့်ပြည့်ဝဝ ကူညီဆောင်ရွက်ပေးရေး။

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး။

(ဂ) နိုင်ငံတော်က ဖွဲ့စည်းပေးထားသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေယာအသုံးချမှုကော်မတီအစရှိသည့် မြေယာနှင့် ပတ်သက်သောအဖွဲ့အစည်းများတွင် တောင်သူလယ်သမား အဖွဲ့အစည်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆောင်ရွက်ရေး။

(ဃ) မြေယာမှုခင်းများဖြေရှင်းဆောင်ရွက်ရာတွင် အမှုသည်များ ကိုယ်စား တတ်သိနားလည်သောကိုယ်စားလှယ်များ၊ အကျိုးဆောင်များဖြင့် ဖြေရှင်းဆောင်ရွက်ခွင့်ရရှိရေး။

(င) နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေနှင့်အညီ တိကျစွာကျင့်သုံးလိုက်နာ ဆောင်ရွက်စေရေး။

(စ) အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲလာသောအခြေအနေများအပေါ် အခြေပြု၍လယ်ယာမြေဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းဆောင်ရွက်ရေး။

(ဆ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အခြားသောနိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များ အစရှိသည်တို့နှင့် မဟာမိတ်ပြု လက်တွဲဆောင်ရွက်ရေး။

(ဇ) တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရေး။

(ဈ) တောင်သူလယ်သမားများ အသိပညာတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပညာပေးစာစောင်များ၊ ဂျာနယ်များ ထုတ်ဝေခြင်း၊ စည်းရုံးဟောပြောခြင်းများ ဆောင်ရွက်ပေးရေး။

(ည) ခေတ်မီစိုက်ပျိုးမှုနည်းစနစ်များ ထွန်းကားရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ အခြားနိုင်ငံများသို့ လေ့လာရေးခရီးစေလွှတ်ခြင်းများ ဆောင်ရွက်ရေး။

(ဋ) ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် လူမျိုးဘာသာ မခွဲခြားဘဲ နိုင်ငံသားအားလုံး တက်ညီလက်ညီ တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ရေး။

(ဌ) ပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံသားများ၏ စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ လယ်ယာစိုက်ပျိုးရေးစသည့် ရေးရာကိစ္စအဝဝတွင် ဦးဆောင် ဦးရွက်ပြု ပါဝင်ဆောင်ရွက်ရေး စသည်တို့ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မဟာမိတ်တောင်သူလယ်သမား ပါတီအနေဖြင့် လွှတ်တော်တွင် နိုင်ငံရေးလှုပ်ရှားမှုနှင့် လွှတ်တော်ပြင်ပနိုင်ငံရေးလှုပ်ရှားမှုကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလို အခြေအနေ(၂)ရပ် လှုပ်ရှားမှုတွေမှာ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများရဲ့ အဓိကလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ မူဝါဒများ၊ စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဓိကအားဖြင့် လယ်သမားအရေး ဦးစားပေးဆောင်ရွက်ရင်းဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံထူထောင်ရေးမှာ ရည်ရွယ်ချက်တူညီမယ်၊ ဦးတည်ချက်တူညီမယ်၊ လုပ်ဆောင်ချက်တူညီမယ်ဆိုရင် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို မဟာမိတ်ပြု လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမယ့် အစိုးရသစ်အနေဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရမှာဖြစ်တဲ့အတွက် အဲ့ဒီအစိုးရကို ဖွဲ့စည်းမယ့် လွှတ်တော်ထဲမှာ ပါတီစုံမှ လွှတ်တော်ကိုယ်စားလှယ်များ ရှိသင့်တယ်လို့ ကျွန်တော်တို့ပါတီအနေနဲ့ ယူဆပါတယ်။

မည်သည့်ပါတီမဆို အတ္တမကင်းနိုင်ကြပါဘူး။ ကိုယ့်ပါတီက ကိုယ်စားလှယ်လောင်းတွေသာ လွှတ်တော်အမတ်ဖြစ်ရေး ကြိုးစားကြတာဖြစ်ပါတယ်။ ကိုယ့်ပါတီက လွှတ်တော်အမတ်တွေချည်း အစိုးရအဖွဲ့ ဖွဲ့ဖို့ ဆန္ဒပြင်းပြ ရှိကြပါလိမ့်မယ်။ လွှတ်တော်အတွင်းမှာ အမတ် ၅၀ ရာခိုင်နှုန်းကျော် ရှိမယ့်ပါတီဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ မဏ္ဍိုင်သုံးရပ်စလုံးကို ပါတီအကြိုက် စီမံဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ အဲ့ဒီအစိုးရသက်တမ်းအတွင်းမှာ ကောင်းမွေစံပြီး ဆိုးမွေခံရတော့မှာပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင်များဟာ နိုင်ငံတော်ရဲ့ ကံကြမ္မာ၊ တိုင်းသူပြည်သားများရဲ့ ကံကြမ္မာကို ဖန်တီးပေးရမယ့်သူတွေ ဖြစ်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ မဲမပေးကြပါနဲ့။ ငါ့ပါတီက ကိုယ်စားလှယ်တွေ၊ ငါ့မိတ်ဆွေနဲ့ပတ်သက်တဲ့ ကိုယ်စားလှယ်တွေ အနိုင်ရရင်ပြီးရောဆိုပြီး မဲမပေးကြဖို့ လိုပါတယ်။ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတဲ့နေရာမှာ မည်သည့်ပါတီကမဆို လူမှန် နေရာမှန်ဖြစ်မယ့် အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်စိစစ်ပြီး မဲပေးသင့်ပါတယ်။

ဒါ့ကြောင့် မဲဆန္ဒရှင်များအနေဖြင့် စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် ပါတီစွဲ ပုဂ္ဂိုလ်စွဲမထားဘဲ အရည်အချင်းရှိသော ကိုယ်စားလှယ်လောင်းများကိုသာ မဲပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

# မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်ပြီးပြတ်ရေး ညှိနှိုင်းဆွေးနွေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်ပြီးပြတ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီက လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ယင်းညှိနှိုင်းအစည်းအဝေးတွင် လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အမှာစကားပြောကြားပြီး လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလေးအောင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်ပြီးပြတ်ရေးကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဌေးမြင့်ဦးက ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံချက်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဆက်သွယ်ရေးတာဝန်ခံများနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံများက ဆန္ဒမဲလက်မှတ်နှင့် မဲရုံးသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လုံခြုံမှုရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းဆက်သွယ်ရေးနှင့် မီးဘေးလုံခြုံရေးကိစ္စများကို အသေးစိတ်ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နာယက ဦးမင်းညိုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း မင်္ဂလာစကားဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေးဦးဆောင် နာယကကြီး ဦးမင်းညိုဖြစ်ပါသည်။

ကျွန်တော်တို့ အာခါတိုင်းရင်းသားများသည် ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ်အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်မျိုးဖြစ်ပါသည်။

အာခါတိုင်းရင်းသားများသည် ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော လူမျိုးနွယ်တစ်စုဖြစ်ပါသည်။

မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် စုပေါင်းနှစ်သစ်ကူးပွဲတော်၊ ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကောက်သစ်စားပွဲတော် စသည့် ရိုးရာဓလေ့ကို အခြေခံသောပွဲတော်များ စဉ်ဆက်မပြတ်ကျင်းပခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ် (၉၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါသည်။

သက်တမ်းအားဖြင့် သုံးလသာရှိသေးသော်ငြားလည်းပဲ မိမိအာခါအမျိုးသားများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ အင်အားအသင့်အတင့်ရှိသော ပါတီတစ်ရပ်အဖြစ်ရပ်တည်နိုင်ပြီ ဖြစ်ပါသည်။

ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါသည်။ ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများစုပေါင်း၍ မိမိအမျိုးဂုဏ်ကို မြှင့်တင်ကြပါစို့ဟူ၍ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်မှာ နိုင်ငံသားတိုင်းမှာ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါသည်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ ပြာ ဝိုင်းရံနေတာကို မြင်တွေ့ရမှာ ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါသည်။

ပါတီ၏အမှတ်တံဆိပ်မှာ ဒန်းပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်ပါသည်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် မှီတည်နေပါသည်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းများကသာလျှင် နေရာဒေသအနှံ့အပြား အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်မည်ဖြစ်ပြီး လူထု၏လိုအပ်ချက် အမှန်တရားကိုလည်း သိရှိနိုင်မည်ဖြစ်ပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါသည်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင်-

**အာခါအမျိုးသားရေး**

မိမိတို့အာခါအမျိုးသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို အာခါလူမျိုးများသာလျှင် ပိုမိုရှာဖွေတွေ့ရှိနိုင်ပြီး နားလည်ပေးနိုင်သလို ကူညီဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများက ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူကူညီနိုင်မည်ဟု ယုံကြည်ပါသည်။

အာခါအမျိုးသားများ၏ ရိုးရာဓလေ့၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုစသည်များကို အာခါလူမျိုးများသာလျှင် ပိုမိုဖော်ထုတ်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

အာခါလူမျိုးများ၏ လူမှုရေးပြဿနာများကိုလည်း အာခါလူမျိုးများသာလျှင် ကူညီဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

**တိုင်းရင်းသားအရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကျော် စုပေါင်းနေထိုင်ပါသည်။ တိုင်းရင်းသားများ၏ တန်းတူညီမျှရေး၊ လူမျိုးစုငယ်များ၏ အခွင့်အရေးများကိုလည်း တိုင်းရင်းသားများအချင်းချင်းသာလျှင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုအားလုံး နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အောင်မြင်မည်ဟု ယုံကြည်ပါသည်။

လူမျိုးစုများ၏ အမျိုးအမည်၊ နေထိုင်ရာ အရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်စုစီ၏ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည် အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါသည်။

**ပြည်ထောင်စုအရေး**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရမည်။

၂၀၀၈ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါသည်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုတပ်မတော်၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ အပြန်အလှန် ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။

**တပ်မတော်၏အခန်းကဏ္ဍ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေးရယူပြီး ပြည်ထောင်စုတပ်မတော်တစ်ရပ်တည်းရှိရမည်ဟု ယုံကြည်ပါသည်။

ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်လည်းကောင်း ခေတ်မီတပ်မတော် တည်ဆောက်ရမည်ဟု ယုံကြည်ပါသည်။

လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည်အရေးကြီးသည့်အခန်းကဏ္ဍမှ အချိန်ကာလတစ်ခုထိ ပါဝင်ရမည်ဟု ယုံကြည်ပါသည်။

**လုပ်ငန်းစဉ်**

အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားညီအစ်ကို တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော

၁။ အခြေခံစစ်တမ်းကောက်ယူခြင်း (Data Collection)
၂။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့်သုံးသပ်ခြင်း (Analysis)
၃။ မဟာဗျူဟာနှင့်နည်းဗျူဟာများ ရေးဆွဲခြင်း (Strategic Plan)
၄။ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း (Activity)

များကို စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မဲဆန္ဒရှင်မိဘပြည်သူများနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တိုင်းရင်းသား ညီနောင်များခင်ဗျား-**

အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စားလှယ်လောင်း ခြောက်ဦး ပါဝင်အရွေးကောက်ခံသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဒန်းပုံအား ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များ၊ အာခါတိုင်းရင်းသားများ ပါဝင်ထောက်ခံမဲပေးကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ (နီဆားအိုလုဦး-အေးချမ်းပါစေ)

**သီချင်း**

**စည်းလုံးခြင်းဖြင့် အမျိုးဂုဏ်ကို မြှင့်တင်စို့**

၁။ အာခါအမျိုးသားတို့ စုရုံးကြ၊ ပူးပေါင်းကြ၊စည်းရုံးကြ တို့လူမျိုးတို့အနာဂတ်
သင်းကွဲရင် ကျားဆွဲ၊ မျိုးကွဲရင် လူမျိုးပျောက် ဘိုးဘေးတို့ ဆိုစကား
၂။ ဘိုးဘေးတို့ကျေးဇူး အာခါအမျိုးသားတို့ ဆုံဆည်းကြ၊ စည်းရုံးကြ တိုင်းရင်းသားအချင်းချင်း တစ်အူထုံ့ဆင်း ညီအစ်ကိုများ အနာဂတ်သို့ ချီတက်ကြ
၃။ ဘိုးဘေးတို့ကျေးဇူး အာခါအမျိုးသားတို့ မြေပြန့်တောင်ပေါ် မခွဲခြား၊
စည်းလုံးခြင်းဖြင့် အမျိုးဂုဏ်ကိုမြှင့်တင်ကြ စုပေါင်းညီညာ ချီတက်ကြ

# သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများတွေ့ဆုံပွဲ ကျင်းပ

**သုံးခွ အောက်တိုဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်က သုံးခွမြို့နယ်၏ မဲဆန္ဒရှင်များစာရင်းကြေညာခြင်းလုပ်ငန်းဆောင်ရွက်မှုအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားမှတ်ချက်ပြုနိုင်ရန်နှင့် မဲစာရင်းမှန်ကန်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသည့် ညွှန်ကြားချက်ကို နိုင်ငံရေးပါတီများက သိရှိရန် ပါတီအချင်းချင်းသဘောတူညီချက်အရ မဲဆွယ်စည်းရုံးခြင်း၊ မော်တော်ယာဉ်များဖြင့် တန်းစီလှည့်လည်ခြင်းစသည်ဖြင့် ပြောကြားဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီးရှင်းလင်းဖြေကြားခဲ့ကြသည်။

**ကြည်စိုးလွင်(သုံးခွ)**

၀၀၀